ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့၊ (2-9-2004) (၄၃၄၄)

သမဏာနဥ္စ ဒဿနံ
တေံ မင်္ဂလ မုတ္တမံ။

ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀)ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၄ခုနှစ် စက်တင်ဘာလ ၂ရက်နေ့တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထရန်ဒွတ်လွန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ပုဂံနှင့် မန္တလေးသို့ ချစ်ကြည်ရေးခရီးသွားရောက်မည့် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် မန္တလေးမြို့တို့သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် သွားရောက်မည့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော် (ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့် ဇနီးဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင် နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေး ခရီးလည်ပတ်ရန် ရောက်ရှိနေပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် မန္တလေးမြို့သို့ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် သွားရောက်မည့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်)ဦးစီးချုပ် General Chaisit Shinawatra **နှင့် ဇနီး** Madame Veena Shinawatra **ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**

ပို့ဆောင်နှုတ်ဆက်

ထိုသို့ ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❁

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၄ခုနှစ် စက်တင်ဘာလ ၂ရက်နေ့တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ထရူမီဟွားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂-၉-၂၀၀၄
(ကြာသပတေးနေ့)

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး အမျိုးသားရေးအကျိုးစီးပွား လက်တွဲဖော်ဆောင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းတည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်သုံးရပ် ပြည့်ပြည့်ဝဝ ဖြစ်ထွန်းနေရန်လိုအပ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမလိုအပ်ချက်မှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိစေရေးဖြစ်သည်။

နိုင်ငံတော်တွင် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုဖြစ်ထွန်းနေမှသာ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရား နယ်မြေဒေသအနှံ့သို့ လွှမ်းခြုံရောက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။

နိုင်ငံတော်အတွင်း စီးပွားရေး အခြေခံကောင်းများ ဖြစ်ထွန်းနေစေရေးနှင့် နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းစေရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် ဒုတိယအခြေခံလိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသများမှသည် မြို့နယ်အဆင့်ထိ စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းပြီး ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ တိုးတက်မြင့်မားလာရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော တတိယလိုအပ်ချက်မှာ တိုင်းရင်းသားပြည်သူများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြင့်မားခိုင်ကျည်ပြီး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ရှိရေး၊ တစ်နည်းအားဖြင့် ပြည်သူများ၏ စည်းလုံးညီညွတ်ရေး ဖြစ်ထွန်းနေစေရေးဖြစ်သည်။

ပြည်သူများအကြား အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားပြန့်ပွားနေခြင်းဖြင့် နိုင်ငံနှင့်လူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို ညီညီညွတ်ညွတ် လက်တွဲဖော်ဆောင်နိုင်မည်ဖြစ်ပေသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ်လ ၂၉ ရက်နေ့က အဖွဲ့ဝင်များလိုက်ပါလျက် ပဲခူးတိုင်း ခရီးစဉ်အတွင်း ရေတာရှည်မြို့သို့ရောက်ရှိပြီး ရေတာရှည်မြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံကောင်းများကို အခြေခံအကျဆုံးဒေသများဖြစ်သည့် ကျေးလက်ဒေသများနှင့် မြို့နယ်များတွင် အခြေခိုင်ခိုင်မာမာဖြင့် အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက စည်းရုံး ဦးဆောင်လျက် လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် တိုင်းရင်းသားပြည်သူများအားလုံးက တညီတညွတ်တည်း လက်တွဲပူးပေါင်းပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်** မှာကြားသွားသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ် အပါအဝင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများစွာကို စနစ်တကျ စီမံချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

ယခုအခါ နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းသာယာမှုများ လွှမ်းခြုံဖြစ်ထွန်းလျက်ရှိသည်နှင့်အညီ ဒေသအလိုက် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုင်းရင်းသားပြည်သူများကအားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ထာဝရအဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူများအားလုံးက အမျိုးသားရေးအကျိုးစီးပွားကို တညီတညွတ်တည်း လက်တွဲဖော်ဆောင်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၃-၂၀၀၄ခုနှစ် တပ်မတော်(လေ) ထူးချွန်အားကစားသမားများ၊ **စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲဆုရရှိသူ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ၌ ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသူတစ်ဦးအား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(ထပဆ)

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း ထူးချွန်ဆုရရှိသူများအားဂုဏ်ပြုဆုပေးအပ်ပွဲတက်ရောက်

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၃-၂၀၀၄ခုနှစ် ထူးချွန်အားကစားသမားများ၊ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်၊ ကျပန်း၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော စစ်မှုထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများ၊ လေတပ်စခန်း ဌာနချုပ်မှူး၊ လေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ ဆုရအရာရှိ၊ စစ်သည်များ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အမှာစကားပြောကြားပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများက ထူးချွန်အားကစားသမားများနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်၊ ကျပန်း၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူ အရာရှိ၊ စစ်သည် ၄၀ နှင့် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ သုံးဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ငါးဦး အပါအဝင် စုစုပေါင်း ဂုဏ်ထူးရရှိသူ ၅၈ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဝင်းအောင် ဗီယက်နမ်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၄ခုနှစ်စက်တင်ဘာလ ၂ရက်နေ့တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ - နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာငုယင်ဇီညံထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

ပါရီမြို့ရှိ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် တတိယအကြိမ် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

ပြင်သစ်ဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသီရိ ဦးစီး၍ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန်အတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားသို့ ယခင်လှူဒါန်းပြီး အလှူရှင်များနှင့် ထပ်မံလှူဒါန်းလိုသူများ သဒ္ဓါကြည်ညိုစွာဖြင့် တက်ရောက် ပါဝင်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

ဒုတိယအကြိမ် တရုတ်-အာဆီယံ လူထုဆက်သွယ်ရေးဆွေးနွေးပွဲတက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့နှင့် ပေကျင်းမြို့တို့၌ ဩဂုတ် ၂၆ရက်မှ ဩဂုတ် ၃၁ရက်အထိကျင်းပသည့် ဒုတိယအကြိမ် တရုတ်-အာဆီယံ လူထုဆက်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (သတင်း)ဦးဝင်းတင်၊ ညွှန်ကြားရေးမှူး (စီမံ) ဦးစိုးဝင်း၊ မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် ဦးရဲမြင့်ဖေ၊ ဒုတိယညွှန်ကြားရေးမှူး(သတင်း) ဦးဆွေသန့်ကို၊ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးမြလှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်းနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့-အဖွဲ့ဝင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် စာတည်းမှူးချုပ် ဦးမောင်မောင်အေးနှင့် အဖွဲ့အတွင်းရေးမှူး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး (အစီအစဉ်) ဦးရဲထွန်းတို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

အီရတ်တောင်ပိုင်း ရေနံပိုက်လိုင်းကို ခုခံရေးသမားများက ဖောက်ခွဲဖျက်ဆီး

ဘဂ္ဂဒက် ဩဂုတ် ၃၁

အီရတ်ရေနံလုပ်ငန်းအား တိုက်ခိုက်မှုများအဆက်မပြတ်ဖြစ်ပွားရာတွင် မကြာသေးမီက တိုက်ခိုက်မှုတစ်ရပ်အနေဖြင့် အီရတ်နိုင်ငံတောင်ပိုင်း ရေနံမြေအတွင်းရှိ ရေနံပိုက်လိုင်းတစ်ခုကို ခုခံတိုက်ခိုက်ရေးသမားများကဖောက်ခွဲဖျက်ဆီးခဲ့သည့်အတွက် အီရတ်နိုင်ငံတောင်ပိုင်းရေနံတွင်းများမှ ရေနံတင်ပို့မှုမှာ ထက်ဝက်ကျဆင်းခဲ့ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များကပြောကြားသည်။

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့၏ မြောက်ဘက် မိုင် ၉၀ အကွာရှိ အနောက်ပိုင်း ကာနာရေနံမြေအတွင်း ဖြတ်သန်းသွားသည့် ရေနံပိုက်လိုင်းကို အီရတ် ခုခံတိုက်ခိုက်ရေးသမားများက တိုက်ခိုက်ခဲ့ရာ မီးလောင်ပြီး မီးခိုးလိပ်များ ကောင်းကင်သို့ တက်သွားခဲ့ကြောင်း အနောက်ပိုင်းကာနာရေနံတွင်းရှိ တောင်ပိုင်း ရေနံကုမ္ပဏီ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ငြိမ်းသတ်

ယင်းတိုက်ခိုက်မှုသည် ရေနံတင်ပို့မှုကို ထိခိုက်နစ်နာစေသော်လည်း မည်မျှ မည်မျှ ထိခိုက်မည်ကိုမူ ချက်ချင်း မသိရသေးကြောင်း အဆိုပါ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ရေနံပိုက်လိုင်းလောင်သည့်မီးကို စနေနေ့မွန်းလွဲပိုင်းတွင်ငြိမ်းသတ်နိုင်ခဲ့သည်။

အတည်ပြု

သီးခြားဖြစ်ရပ်အနေဖြင့် ဘဂ္ဂဒက်မြို့ အရှေ့ဘက်မိုင် ၂၀အကွာ နာရာဝန်ဒေသရှိ ရေနံပိုက်လိုင်းမှာလည်း စနေနေ့က မီးလောင်ခဲ့ကြောင်း အေပီ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သည်။ အဆိုပါ ပိုက်လိုင်းမှာ အီရတ် ခုခံရေးသမားများ၏ တိုက်ခိုက်မှုကြောင့် ဟုတ်-မဟုတ်ကိုမူ ရေနံလုပ်ငန်း တာဝန်ရှိပုဂ္ဂိုလ်များက အတည်ပြု ပြောကြားခြင်းမရှိပေ။ ယင်းရေနံ ပိုက်လိုင်းသည် ဘဂ္ဂဒက်မြို့ အနီးရှိ ဒိုရာရေနံချက်စက်ရုံသို့ ရေနံများကို တင်ပို့ပေးနေသည်။

အီရတ် ခုခံတိုက်ခိုက်ရေးသမားများသည် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အဟန့်အတား ဖြစ်စေရေးအတွက် အီရတ်နိုင်ငံ၏ အဓိကဝင်ငွေရရှိရာ အီရတ်၏အရေးပါသည့် ရေနံလုပ်ငန်းကို မကြာခဏတိုက်ခိုက်လျက်ရှိသည်။ ယင်းကဲ့သို့ တိုက်ခိုက်မှုများကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းမှာ မြင့်တက်ခဲ့ရသည်။

ရူမေလာ ရေနံတွင်းများသို့ ဆက်သွယ်သည့် ရေနံပိုက်လိုင်းများကို ဗုဒ္ဓဟူးနေ့က တိုက်ခိုက်ခဲ့သည့်အတွက် ရေနံပေါကြွယ်ဝသည့်အီရတ်တောင်ပိုင်းမှ ရေနံတင်ပို့မှုသည် တစ်နေ့လျှင် ပီပါ ၁၁သမ ၈ သန်းရှိရာမှ ထက်ဝက်လျော့နည်းကာ ပီပါ ကိုးသိန်းသာရှိကြောင်း အီရတ်နိုင်ငံပိုင်တောင်ပိုင်းရေနံကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်မြို့တော် ဆာဒါစီးတီးဒေသတွင် အမေရိကန်တပ်ဖွဲ့ဝင်များအားတိုက်ခိုက်ရန်ပြင်ဆင်နေသည့် ရှီးယိုက် ခုခံတိုက်ခိုက်ရေး သမားတစ်ဦးကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲများ မှားယွင်းပစ်ခတ်မှု ဖြစ်ပွား

ကယ်ကွတ်(အီရတ်) ဩဂုတ် ၃၁

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်၏မြောက်ဘက် ကယ်ကွတ်မြို့လယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ မှားယွင်းပစ်ခတ် တိုက်ခိုက်ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရ

စနေနေ့ ညပိုင်း၌ဖြစ်ပွားသည့် တိုက်ခိုက်မှုအပြီးတွင် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်းနှင့် အမေရိကန်တပ်ဖွဲ့ကလည်း ၎င်းတို့၏ တပ်ဖွဲ့ဝင်ခြောက်ဦးကို ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့ ဗိုလ်မှူးကြီး ဖာဟက်ကာဒါက ပြောကြားသည်။

မပြောကြား

ယင်းပစ်ခတ်မှုမှာ မှားယွင်းမှုကြောင့်ဖြစ်ကြောင်း ကာဒါက ပြောကြားသည်။ အသေးစိတ် အချက်အလက်များကိုမူ ၎င်းက မပြောကြားပေ။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ရေနံထုတ်လုပ်ရာ အချက်အချာကျသော ကယ်ကွတ်မြို့ရှိ အခြေစိုက်စခန်းများတွင် တပ်စွဲထားဆဲဖြစ်သည်။ လွန်ခဲ့သည့်နှစ်တွင် ဆက်ဒမ်ဟူစိန်အား ဖယ်ရှားခဲ့ပြီးချိန်မှစတင်၍ ကယ်ကွတ်မြို့ရှိ အာရပ်၊ ကာ့ဒ်နှင့် တပ်မေးလူမျိုးစုများသည် သမိုင်းကြောင်းအရ ပစ္စည်းပိုင်ဆိုင်မှုများကို တောင်းဆိုခဲ့ရာ ရံဖန်ရံခါဆိုသလို တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြသည်။

အင်တာနက်။

နာဂျက်ဖ်မြို့၏မြင်ကွင်းများ အထင်နှင့်အမြင်တလွဲစီဖြစ်နေ

နာဂျက်ဖ် (အီရတ်) ဩဂုတ် ၃၁

အီရတ်နိုင်ငံ၏ စစ်ပွဲလွန်ခေတ် ပြန်လည်တည်ဆောက်ရေး အစီအစဉ်က မြို့တော်နာဂျက်ဖ်၏ မြင်ကွင်းပသာဒအား လာရောက်ခံစားလိုသူ တည်းခိုသူများဖြင့် ကြက်ပျံမကျ စည်ကားမည်ဟု ဟိုတယ်လုပ်သားတစ်ဦးဖြစ်သည့် ရာဖက်မာဟာက စိတ်ကူးယဉ် အိပ်မက်မက်ခဲ့သည်။ သို့ရာတွင် ယခုအချိန်၌မူ ၎င်းသည် ကျည်ဆန် ရာဇရပွကြဲနေသည့် ဟိုတယ်လသာဆောင်တွင် တစ်ဦးတည်းထိုင်ကာ ရှီးယိုက်တိုက်ခိုက်ရေးသမားများနှင့် အမေရိကန်၊ အီရတ် အစိုးရတပ်ဖွဲ့ဝင်များ ရက်သတ္တသုံးပတ်ကြာ တိုက်ခိုက်မှုကြောင့် သေဆုံးသွားသူများအတွက် ထားရှိသည့် ယာယီသင်္ချိုင်းအား ငေးစိုက်ကြည့်နေလျက်ရှိသည်။

ရလဒ်

တိုက်ခိုက်မှုများ ပြီးစီးသွားပြီး ရလိုက်သည့်တစ်ခုတည်းသောရလဒ်မှာ နာဂျက်ဖ်မြို့ ပျက်စီးသွားခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့ ဟိုတယ်အား ကြည့်ပါက အကျည်းတန်အရုပ်ဆိုးမှုများကို တွေ့မြင်ရမည်ဖြစ်ကြောင်း ကြမ်းပြင်ပေါ် ကျရောက်နေသည့် ကျည်ဆန်ခွံနှင့် လက်ဖြောင့် တပ်သားများနေခဲ့သည့်နေရာကို ညွှန်ပြရင်း ရာဖက်မာဟာက ပြောကြားသည်။

ဖျက်ဆီး

၎င်းတို့သည် အီရတ်နိုင်ငံအား ပြန်လည်တည်ဆောက်နေခြင်းမဟုတ်၊ ဖျက်ဆီးနေခြင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဟိုတယ်ရှေ့တည့်တည့်တွင် အလောင်း ၁၀၀ မြှုပ်နှံသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြင်ဆင်

ထိပ်တန်း ရှီးယိုက်ခေါင်းဆောင်တစ်ဦးဖြစ်သည့် အယ်လ်စစ္စတာနီက ရှီးယိုက် ခေါင်းဆောင် အယ်လ်ဆာဒါ၏ သစ္စာခံများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ငြိမ်းချမ်းရေးသဘောတူညီချက်အား စေ့စပ်ညှိနှိုင်းပေးခဲ့သည့်နောက် နာဂျက်ဖ်မြို့ ဒေသခံများသည် ရက်သတ္တပတ်များစွာ တိုက်ခိုက်မှုများကြောင့် ပျက်စီးသမျှကိုစတင်ပြင်ဆင်လျက်ရှိကြသည်။ ဟိုတယ်ဝန်ထမ်းရာဖက်မာဟာ၏ဟိုတယ်သည် ဆက်ဒမ်ဟူစိန် ရာထူးမှကျဆင်းခဲ့ပြီး ဒုံးကျည် ပထမဆုံး အပစ်ခံရသည့် ဟိုတယ်ဖြစ်သည်။ ဟိုတယ်တည်ဆောက်သူများ အနေဖြင့် ဟိုတယ်တည်ဆောက်ရာတွင်အပေါ်ယံကြောလောက်သာ တည်ဆောက်ခြင်းဖြစ်သည်။ ၎င်းတို့က နောက်ဆုံးတိုက်ခိုက်မှုများပေါ်ပေါက်ပါက ရှီးယိုက်တိုက်ခိုက်ရေးသမား ဟိုတယ်သိမ်းလာနိုင်မည်ကို သိနေ၍ဖြစ်သည်။

ပထမဆုံးအဆင့်အဖြစ်မိမိကရင်းတို့အား ဟိုတယ်တွင်း ဝင်ခွင့်မပြုရန် ပြောကြားကြောင်း၊ ၎င်းတို့က မိမိအား ဓာတ်ကြိုးနှင့်ရိုက်ပြီး လက်ထိတ်ခတ်ကြောင်း၊ မိမိတွင်အခြားရွေးစရာ မရှိကြောင်းစသည်ဖြင့် ဟိုတယ်တည်ဆောက်ရေးအတွက်ကြိုးကြပ်ရန်ငှားရမ်းထားသည့် အီဂျစ်နိုင်ငံသား မာဟာက ပြောကြားသည်။ ***အင်တာနက်။***

အမေရိကန်က တိုနီဘလဲအား ကာကွယ်စောင့်ရှောက်ပေးနေကြောင်း ဗြိတိသျှ အတိုက်အခံခေါင်းဆောင် ဝေဖန်ပြောကြား

လန်ဒန် ဩဂုတ် ၃၁

အမေရိကန်အစိုးရအဖွဲ့သည် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအား ကာကွယ်စောင့်ရှောက်ပေးနေကြောင်း ဗြိတိန်နိုင်ငံ၏ အတိုက်အခံပါတီ ခေါင်းဆောင်က စနေနေ့တွင် ဝေဖန်လိုက်သည်။ ဗြိတိသျှ အတိုက်အခံခေါင်းဆောင်ကို အမေရိကန်သမ္မတက မည်သည့်အခါတွင်မျှ လက်ခံတွေ့ဆုံလိမ့်မည်မဟုတ်ဟု သတင်းစာတစ်စောင်က ရေးသားဖော်ပြခဲ့ပြီးနောက် ၎င်းက ယင်းသို့ ဝေဖန်လိုက်ခြင်းဖြစ်သည်။

ဗြိတိသျှအတိုက်အခံခေါင်းဆောင် မိုက်ကယ်ဟောင်းဝပ်ကို အိမ်ဖြူသို့လာရောက်ခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားကြောင်း၊ အကြောင်းမှာ ဟောင်းဝပ်သည် အီရတ်စစ်ပွဲနှင့် ပတ်သက်၍ ဝန်ကြီးချုပ်ဘလဲ၏ သဘောထားရပ်တည်ချက်ကို ဝေဖန်ခဲ့သောကြောင့်ဖြစ်ကြောင်း သည်ဆန်းသတင်းစာက ရေးသားဖော်ပြခဲ့သည်။

သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ ထိပ်တန်းနိုင်ငံရေးအကြံပေးပုဂ္ဂိုလ်က ပြီးခဲ့သည့် ဖေဖော်ဝါရီလတွင် ဟောင်းဝပ်၏ရုံးသို့ ဒေါသတကြီး ဖုန်းဆက်ပြောကြားခဲ့ကြောင်း၊ ဗြိတိသျှ အတိုက်အခံခေါင်းဆောင်သည် သမ္မတဘုရှ်နှင့် မည်သည့်အခါတွင်မျှ တွေ့ဆုံခွင့် ရရှိမည်မဟုတ်ကြောင်း အဆိုပါသတင်းစာက ရေးသားသည်။

ဟောင်းဝပ်သည် အမေရိကန်သို့ လာရောက်ပါက သမ္မတဘုရှ်က ၎င်းကို တွေ့ဆုံလိမ့်မည်မဟုတ်ကြောင်း၊ ဘုရှ်၏ နိုင်ငံရေးအကြံပေးပုဂ္ဂိုလ် ကားလ်ရိုးလ်က ပြောကြားကြောင်း သတင်းစာတွင် ရေးသားဖော်ပြထားသည်။ ဟောင်းဝပ်သည် စနေနေ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် သတင်းစာပါ ရေးသားချက်ကို အတည်ပြုခြင်း မရှိပေ။

အမေရိကန်သမ္မတ အိမ်ဖြူတွင် တိုနီဘလဲအား ကာကွယ်ပေးလိုသူများ ရှိမည်ဆိုပါက တိုနီဘလဲနှင့် ပတ်သက်၍ မိမိတို့၏သဘောထားရပ်တည်ချက် ပိုမိုခက်ထန်လာမည်ဖြစ်ကြောင်း၊ တိုနီဘလဲကို ပိုမိုဝေဖန်ရလိမ့်မည်ဖြစ်ကြောင်း၊ အိမ်ဖြူအရာရှိများက မည်သို့သော သဘောထားမျိုး ထားရှိစေကာမူ မိမိထင်မြင်သည့်အတိုင်း ဝေဖန်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဟောင်းဝပ်က ပြောကြားသည်။

လက်ယာယိမ်း ကွန်ဆာဗေးတစ်တို့သည် အတိတ်ကာလက ဘုရှ်၏ ရီပတ်ဘလီကန်ပါတီ၏ မဟာမိတ်များဖြစ်ခဲ့သည်။ သို့ရာတွင် ဘလဲနှင့် ဘုရှ်တို့၏ ပုဂ္ဂိုလ်ရေးဆက်ဆံမှု ကောင်းမွန်ခဲ့ခြင်းကြောင့် ကွန်ဆာဗေးတစ်တို့နှင့် ရီပတ်ဘလီကန်ပါတီတို့ ဆက်ဆံရေး ပြတ်တောက်ကုန်သည်။

နိုဝင်ဘာလ ရွေးကောက်ပွဲ၌ မည်သူပင်အောင်ပွဲခံစေကာမူ အမေရိကန်သမ္မတ ဖြစ်လာမည့်သူနှင့် မိမိတို့ လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဟောင်းဝပ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်ဆန့်ကျင်ရေး အေသင်တွင် ဆန္ဒပြ

အေသင် ဩဂုတ် ၃၁

ဂရိနိုင်ငံ အေသင်မြို့တွင် ကျင်းပမည့် အိုလံပစ်ပွဲတော် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကော်လင်ပါဝဲလ် စီစဉ်ခဲ့သော်လည်း ယင်းအစီအစဉ်ကို ရုတ်ခြည်း ဖျက်သိမ်းလိုက်ကြောင်း အမေရိကန် နိုင်ငံခြားရေးဌာနက စနေနေ့တွင် ပြောကြားသည်။

ဂရိနိုင်ငံ အေသင်မြို့သို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မရောက်မီ စစ်ဆန့်ကျင်ရေး ဆန္ဒပြသမားက ဆန္ဒပြခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၉၇၅ဦးရှိပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၁

အီရတ်နိုင်ငံတွင် ၂၀၀၃ခုနှစ် မတ်လမှစ၍ စစ်ရေးအရ စစ်ဆင်တိုက်ခိုက်မှုစတင်ခဲ့ချိန်မှစ၍ ယခုနှစ် ဩဂုတ် ၃၁ရက်အထိ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၉၇၅ဦးရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ် ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၇၂၉ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၄၆ဦး မှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်။

သေဆုံး

အဆိုပါ အတောအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင် ၆၄ဦး၊ အီတလီ ၁၈ဦး၊ စပိန် ၁၁ဦး၊ ပိုလန် ၁၀ဦး၊ ဘူလ်ဂေးရီးယား ခြောက်ဦး၊ ယူကရိန်း ခြောက်ဦး၊ စလိုဗက်ကီးယား သုံးဦး၊ အခြားတပ်ဖွဲ့ဝင် နှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ ဆက်စ်တိုနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် နယ်သာလန်တို့က တစ်ဦးစီ အသီးသီးသေဆုံးခဲ့သည်။

အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတဘုရှ် ကြေညာခဲ့သည့် ၂၀၀၃ခုနှစ် မေ ၁ရက်နောက်ပိုင်း အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၈၃၇ဦး ရှိသည်။ ယင်းအနက် ၆၂၀မှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၁၇ဦးမှာ အခြားအကြောင်းများကြောင့်ဖြစ်သည်။

အင်တာနက်။

ဖော်လူဂျာမြို့ကို အမေရိကန်က လေကြောင်းမှဒုတိယမြောက်နေ့တိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၃၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားသည့်အနေဖြင့် ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသတွင် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများနှင့်အမေရိကန်တပ်ဖွဲ့ဝင်များ စနေနေ့က တိုက်ခိုက်ခဲ့ကြပြီး လူစည်ကားရာဒေသတွင်းသို့ စိန်ပြောင်းကျည် ထိမှန်ပေါက်ကွဲခဲ့ရာ လူ ငါးဦး သေဆုံးကာ ဒါဇင်နှင့်ချီ၍ ဒဏ်ရာရရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဘဂ္ဂဒက်မြို့မှ တိုက်ခိုက်မှုများ ဖြစ်ပွားမှုသည် အေးချမ်းတည်ငြိမ်နေသည့် နာဂျက်ဖ်မြို့နှင့် နှိုင်းယှဉ်လျှင် ဖီလာဆန့်ကျင်သောအနေအထား ဖြစ်နေသည်။ ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ ရက်သတ္တသုံးပတ်ကြာ တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက် နာဂျက်ဖ်မြို့ရှိ မြို့သူ၊ မြို့သားများသည် အပျက်အစီးများကို ရှင်းလင်းဖယ်ရှားနေပြီး ပျက်စီးနေသည့်၎င်းတို့၏ ရုံးများ၊ ဈေးဆိုင်ခန်းများဆီသို့ ပြန်သွားနေကြပြီဖြစ်သည်။

ရှင်းလင်း ဖယ်ရှား

နာဂျက်ဖ်မြို့မှ ရာနှင့်ချီသည့် စည်ပင်သာယာရေး အလုပ်သမားများသည် အမေရိကန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများတည်ရှိရာ လမ်းမများတစ်လျှောက်တွင် အပျက်အစီးများကို ရှင်းလင်းဖယ်ရှားနေသည်။ ယင်းသို့သန့်ရှင်းရေးဆောင်ရွက်ခြင်းမှာသီတင်းပတ်အနည်းငယ်အတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။

၁၈ လကျော်ကြာ

ထိုအတောအတွင်း အမေရိကန်စစ်လေယာဉ်များသည် ဒုတိယမြောက်နေ့အဖြစ်ဖော်လူဂျာမြို့အားလေကြောင်းမှ ပစ်ခတ်တိုက်ခိုက်သည်။ ဖော်လူဂျာမြို့သည် အမေရိကန်တပ်ဖွဲ့ဝင်များအား ၁၈ လကျော်ကြာ တိုက်ခိုက်နေသည့် ဆွန်နီတိုက်ခိုက်ရေးသမားများ၏အချက်အချာဒေသဖြစ်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့ အရှေ့ပိုင်းဆင်ခြေဖုံးဒေသများတွင်လည်း ခုခံတိုက်ခိုက်ရေးသမားများနှင့်အပြန်အလှန်ပစ်ခတ်ကြပြီး အိမ်နီးချင်း ဂျော်ဒန်နိုင်ငံသို့ သွားသည့် အဝေးပြေး လမ်းမပေါ်တွင်လည်း တိုက်ပွဲများဖြစ်ပွားသည်။

ပြောကြား

အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုသည် ည၇ နာရီတွင် စတင်ပြီး တစ်နာရီကြာမြင့်ကြောင်းမျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ယင်းသို့တိုက်ခိုက်မှုကြောင့် ဖော်လူဂျာမြို့ အရှေ့ပိုင်းနှင့် စက်မှုလက်မှုဒေသတို့ကိုထိမှန်ခဲ့သည်။ အနည်းဆုံး အိမ်လေးလုံး ပျက်စီးပြီး ဒဏ်ရာရသူများကို ဆေးရုံသို့အလျင်အမြန်တင်ပို့ကြသည်။ ***အင်တာနက်။***

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ဩဂုတ် ၂၉ ရက်က ဘုရှ်ဆန့်ကျင်ရေး ဆန္ဒပြကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

မြို့တော်ဘဂ္ဂဒက်တွင် တိုက်ပွဲဖြစ်ပွား စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲ

ဘဂ္ဂဒက် ဩဂုတ် ၃၁

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါအား သစ္စာခံသည့် တိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့တို့အကြား စနေနေ့က တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများနှင့် ဒေသခံများက ပြောကြားကြသည်။

ဘဂ္ဂဒက်အရှေ့ပိုင်း ဒေသတစ်ခုတွင် ပြောက်ကျားများ၏ ပစ်ခတ်မှုကြောင့် စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အရပ်သားနှစ်ဦး သေဆုံးကာ ခြောက်ဦးဒဏ်ရာရရှိသည်။ မြို့တော်တစ်ဝန်းမှနေ၍ ပေါက်ကွဲသံများကို ကြားခဲ့ကြရသည်။ ပေါက်ကွဲသံများကြောင့် လမ်းသွားလမ်းလာများ အထိတ်တလန့် ဖြစ်ခဲ့ကြပြီး ဘေးကင်းလုံခြုံရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ မြို့တော်ဘဂ္ဂဒက်ရှိ အဓိကကျသော လမ်းမကြီးတစ်လမ်းပေါ်သို့ စိန်ပြောင်းကျည် လေးလုံးထက်မနည်း ကျရောက် ပေါက်ကွဲခဲ့ကြောင်း၊ ခြောက်ဦး ဒဏ်ရာရရှိကြောင်း ဘဂ္ဂဒက်ရှိ အယ်လ်ကင်ဒီဆေးရုံမှတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစောပိုင်းတွင် ဟမ်းဗီးစစ်ယာဉ်များဖြင့် အမေရိကန် တပ်ဖွဲ့ဝင်များ ဆာဒါစီးတီးသို့ ရောက်ရှိလာပြီး အသံချဲ့စက်များအသုံးပြု၍ ဒေသခံများ နေအိမ်အတွင်း၌သာ နေထိုင်ရန်နှင့် သေနတ်သမားများကို ၎င်းတို့ ရှင်းလင်းနေကြောင်း ကြေညာခဲ့သည်။ နာဂျက်ဖ်မြို့ရှိ အိမန်အလီဝတ်ကျောင်းတော်ကြီးအတွင်း ခြေကုပ်ပြုကာ ခုခံတိုက်ခိုက်နေသော ရှီးယိုက်တိုက်ခိုက်ရေးသမားများ ထွက်ခွာသွားပြီး တစ်ရက်အကြာတွင် ဘဂ္ဂဒက်ဆင်ခြေဖုံး ဆာဒါစီးတီး၌ တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းဖြစ်သည်။

မြို့တော်ဘဂ္ဂဒက်တွင် ကင်းလှည့်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရေးရိုင်ဖယ်သေနတ်များနှင့် ဒုံးပစ်လောင်ချာတို့ကိုအသုံးပြု၍ တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့မှ ဗိုလ်ကြီးဘရိုင်ယန်အိုမယ်လီကပြောကြားသည်။ သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက်မှုမရှိကြောင်း ၎င်းက ပြောကြားသည်။ ခုခံတိုက်ခိုက်သူများဘက်မှ ထိခိုက်သေဆုံးမှုများကိုလည်း မသိရှိရပေ။ ဘဂ္ဂဒက်အရှေ့ပိုင်း ဆင်းရဲသားရပ်ကွက်တွင်အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အတူ အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးအက်နန်အဗ္ဗဒူလ်-ရာမန်က ပြောကြားသည်။ ***အင်တာနက်။***

အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းခဲ့မှု ကန်တပ်ဖွဲ့ဝင်နောင်တရ အနှိပ်စက်ခံရသည့် အကျဉ်းသားများနှင့် မိသားစုများအား တောင်းပန်ကြောင်း ပြောကြား

ဘာလင် ဩဂုတ် ၃၁

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းခဲ့မှုအပေါ် အလေးအနက် နောင်တရမိကြောင်း၊ သို့ရာတွင် ယင်းနှိပ်စက်ညှဉ်းပန်းမှုများကို စစ်ထောက်လှမ်းရေးဌာနများက အားပေးအားမြှောက်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အီရတ်အကျဉ်းသားများအား နှိပ်စက်မှုကျူးလွန်ခဲ့သည်ဟု ဝန်ခံမည်ဖြစ်ကြောင်း၊ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက ဂျာမန်မဂ္ဂဇင်းတစ်စောင်အား ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်အပြင်ဘက်ရှိ အဘူဂါရိပ် အကျဉ်းထောင်တွင် ပြတ်သားသည့် အမိန့်ပေးမှုစနစ် မရှိဘဲ သင်တန်းလေ့ကျင့်မှု အားနည်းသည့် အောက်ဆင့် တပ်ဖွဲ့ဝင်များ၏ မလျော်မကန်ပြုမှုသော အဖြစ်ဆိုးကြီးတစ်ရပ်ဖြစ်ကြောင်း တပ်ကြပ်ကြီး အီဗန်ဖရက်ဒရစ်က အပတ်စဉ်ဒါစပီဂယ်မဂ္ဂဇင်းအား ပြောကြားသည်။

ယင်းထောင်တွင် မည်သူမည်ဝါ အကြီးအကဲဖြစ်သည်ကို မိမိလုံးဝမသိရှိကြောင်း၎င်းက ပြောကြားသည်။ ဂျာမနီနိုင်ငံတွင် လွန်ခဲ့သည့်ရက်သတ္တပတ်က ပဏ္ဍာမကြားနာစစ်ဆေးမှုပြုလုပ်ခဲ့ပြီးနောက် ဖရက်ဒရစ်က ကိုယ်ထိလက်ရောက်ကျူးလွန်မှု၊ ရက်စက်မှုနှင့် မဖွယ်မရာပြုမူမှုများ ကျူးလွန်ခဲ့ခြင်းအတွက် အပြစ်ရှိကြောင်း ဝန်ခံလျှောက်လဲမည်ဟု ပြောကြားခဲ့သည်။

မိမိအနေဖြင့် အနှိပ်စက်ခံရသည့် အကျဉ်းသားများနှင့်၎င်းတို့၏ မိသားစုအားတောင်းပန်ပါကြောင်း၊ မိမိအားစစ်ဆေးရာတွင် မိမိကျူးလွန်သမျှအပြစ်အတွက် တာဝန်ယူမည်ဖြစ်ကြောင်း၊ သို့ရာတွင် အခြားလူများလည်း မိမိနည်းတူလိုက်နာလုပ်ဆောင်မည်ဟု မိမိမျှော်လင့်ပါကြောင်း၎င်းက ပြောကြားသည်။

အီရတ်အကျဉ်းသားများအား မိမွေးတိုင်းဖမွေးတိုင်းပုံစံဖြင့် နေစေကာ ဓာတ်ပုံရိုက်၊ တြိဂံပုံစံဖြင့် တစ်ယောက်ပေါ်တစ်ယောက် ဆင့်နေထိုင်စေခြင်းစသည့်ဖြစ်ရပ်များကို မိမိကျူးလွန်မိခဲ့ကြောင်း ဖရက်ဒရစ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရန် ပြင်ဆင်နေသည့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများကို ဩဂုတ် ၂၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆမ်မာရာမြို့ကို ကန်တပ်ဖွဲ့ လေကြောင်းမှ တိုက်ခိုက်

ဘဂ္ဂဒက် ဩဂုတ် ၃၁

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဘဂ္ဂဒက်မြောက်ပိုင်းရှိ ဆမ်မာရာမြို့ကို တနင်္လာနေ့က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အီရတ်နိုင်ငံသားလေးဦးသေဆုံးပြီး အခြားငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းရဲတပ်ဖွဲ့နှင့် ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားသည်။ ဆမ်မာရာအထွေထွေရောဂါကုဆေးရုံ သတင်းရပ်ကွက်က သေဆုံးသူများတွင် ကလေးနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးပါဝင်ကြောင်း သိရသည်။

ဆမ်မာရာမြို့ရှိ မွေးမြူရေးခြံတစ်ခြံကို မွန်းလွဲ ၁၂နာရီခွဲခန့်တွင် အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အယ်လ်မူစတာဆင်ဒေသရှိ အိမ်တစ်အိမ်ပျက်စီးသွားပြီး ကားအများအပြားပျက်စီးသွားကြောင်း ဖော်ပြပါမြို့မှ ရဲတပ်ဖွဲ့ကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တူရကီဓားစာခံနှစ်ဦး သေဆုံးသည်ဆိုသော သတင်း ဘဂ္ဂဒက်ရှိ တူရကီသံရုံးက စုံစမ်းစစ်ဆေးနေ

အန်ကာရာ ဩဂုတ် ၃၁

တူရကီနိုင်ငံသား ဓားစာခံနှစ်ဦး အီရတ်နိုင်ငံမြောက်ပိုင်းဒေသတွင် သေဆုံးနေသည်ကိုတွေ့ရသည် ဟူသော သတင်းဖော်ပြချက်များအား ဘဂ္ဂဒက်ရှိ တူရကီသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အနာတိုလီယာသတင်းဌာနက စနေနေ့တွင် ဖော်ပြလိုက်သည်။ တူရကီဓားစာခံနှစ်ဦး၏ အလောင်း များကို အီရတ်နိုင်ငံမြောက်ပိုင်းဒေသရှိ ဘေဂျီမြို့တွင်တွေ့ရှိကြောင်း ကာတာအခြေစိုက်အယ်လ်ဂျာဇီယာရုပ်မြင်သံကြားသတင်းဌာနက ဖော်ပြသည်။

ဘဂ္ဂဒက်ရှိတူရကီသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ယင်းရုပ်မြင်သံကြားသတင်းမှတစ်ပါး အခြားမည်သည့်သတင်းမျှ မရရှိကြောင်း၊ သို့ပါ၍ ယင်းကိစ္စကို စုံစမ်းစစ်ဆေးနေကြောင်း ၎င်းတို့က ပြောကြားသည်။

တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက အီရတ်နိုင်ငံတွင် လူနှစ်ဦးပစ်သတ်ခံရမှုဟုတ်၊ မဟုတ် ဖော်ပြထားသည့် မည်သည့်သတင်းမျှ မရရှိသေးကြောင်း အန်ကာရာရှိ သံတမန်ရပ်ကွက်က ပြောကြားသည်။ အီရတ်နိုင်ငံတွင် ပြန်ပေးဆွဲခံရသို့တည်းမဟုတ် ပျောက်ဆုံးနေသည့် တူရကီဦးရေသည် ငါးဦးကျော်သွားပြီဖြစ်ကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။

အီရတ်ပြောက်ကျားများက တူရကီနိုင်ငံသားအင်ဂျင်နီယာများဖြစ်သည့် အော့ဇ်ဒီမာနှင့် ဒတ်စလောင်းတို့ကို ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ၎င်းတို့၏ အလုပ်ရှင်ကုမ္ပဏီက အီရတ်နိုင်ငံမှ ၇၂ နာရီအတွင်း ပြန်လည်ရုပ်သိမ်းမှုမရှိပါက ၎င်းတို့အား သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြန်မာ့ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ

မောင်ပီတိ

လယ်ယာထွက်ကုန် သို့မဟုတ် ကုန်သွယ်လယ်ယာဟု အများသိနေကြသော မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးသည် လုပ်ငန်းတာဝန်တစ်ရပ်တော့ ကျေပွန်ခဲ့ပြီဖြစ်ပါသည်။ ၂၀-၇-၂၀၀၄ရက်နေ့ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၀၄)ကို ကျင်းပခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဝင်များ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ UMFCCIမှ တာဝန်ရှိသူများ၊ ဆန်စက် လုပ်ငန်းရှင်များလည်း စုံလင်စွာ တက်ရောက်ခဲ့ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ဆန်စက်ငယ်များ တီထွင်ထုတ်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ပြောကြားခဲ့ရာတွင် စပါးစိုက်ကွင်းအတွင်း အသုံးပြုနိုင်သည့် ဆန်စက်ငယ်များကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များက နိုင်ငံခြားစံချိန်မီ နမူနာထုတ်လုပ်ထားပြီးဖြစ်ကြောင်း၊ စက်မှုဇုန်များက နမူနာရယူပြီး ဆက်လက်ထုတ်လုပ်သွားနိုင်ရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားသွားသည်။

စက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးကော်မတီအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းကလည်း အမှာစကားပြောကြားရာတွင် ဘက်စုံစက်မှုဖွံ့ဖြိုးရေးတွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုဖွံ့ဖြိုးရေးသည် အဓိက ဦးစားပေးဖြစ်ကြောင်း၊ လယ်ယာလုပ်ငန်းတွင် စက်ကိရိယာများကို တိုးမြှင့်အသုံးပြုလာနိုင်သည်နှင့်အမျှ စိုက်ပျိုးရေးစရိတ်များ ကုန်ကျမှုသက်သာပြီး တောင်သူလယ်သမားများ၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသွားပါသည်။ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်ကလည်း စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတိပြု ဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ပြည်တွင်း၌ ရရှိနိုင်သည့် စက်အစိတ်အပိုင်းများဖြင့် တီထွင်ထုတ်လုပ်ထားသည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၏ ဆန်စက်ငယ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အင်းစိန် အမှတ်(၀၃) ဖွဲ့နှဲဆီစက်တွင် စားအုန်းဆီကြမ်းများကို သန့်စင်ပြီး စားအုန်းဆီသန့်များ ထုတ်လုပ်နိုင်သည့် စားအုန်းဆီ သန့်စင်စက် တီထွင်ထုတ်လုပ်ထားသည့် အခြေအနေများကိုလည်းကောင်း ပုံစံများဖြင့် ရှင်းလင်းတင်ပြခဲ့ပါသည်။ အစီအစဉ်အရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ပခုက္ကူစက်မှုဇုန်နှင့် စပ်လျဉ်း၍ လည်းကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကလေးစက်မှုဇုန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြိတ်စက်မှုဇုန်နှင့် စပ်လျဉ်း၍လည်းကောင်း စက်မှုဇုန်အလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ကြပါသည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လက်တွေ့ကျကျ အလေးထား အားပေးနေသကဲ့သို့ စက်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ လက်ရာလက်သား နိုင်နင်းရေး (Workmanship)၊ တိကျသေချာမှုရှိရေး(Precision)၊ သုံးစွဲသည့်သံ၊ သတ္တု (Metallurgy) အရည်အသွေးပြည့်မီရေး၊ ခေတ်နှင့်အမီ လိုက်နိုင်ရေး၊ တီထွင်ကြံဆဖန်တီးနိုင်စွမ်းရှိရေးစသည့် အချက်ငါးချက်ကို အလေးထား လုပ်ကိုင်ဆောင်ရွက်ရန် လမ်းညွှန်ထားကြောင်း၊ လမ်းညွှန်မှုများနှင့်အညီ စက်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်သည်နှင့်အမျှ စက်မှုကုန်ချောပစ္စည်းများ အရည်အသွေး အဆင့်အတန်းမီလာပြီး ဈေးကွက်ကို တိုးချဲ့ထိုးဖောက်နိုင်ကာ စက်မှုကဏ္ဍသည်လည်း တိုးတက်ဖွံ့ဖြိုးလာမှာသေချာကြောင်း၊ ဖွံ့ဖြိုးစပြုနေပြီဖြစ်သော စက်မှုကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးတက်သည်ထက် တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မှာကြားပါသည်။

အစည်းအဝေးအပြီးတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကျွန်းသာယာခန်းမ၌ စီစဉ်ပြသထားသည့် နိုင်ငံခြားလုပ် ခေတ်မီဆန်စက်ငယ်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက တီထွင်ထုတ်လုပ်ထားသည့် ခေတ်မီ ဆန်စက်ငယ်များ အသုံးပြုနိုင်သည့် အခြေအနေ၊ ကြိတ်ခွဲရရှိသည့်ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ စပါးခွံများ၊ ဆန်စက်ငယ်၏ စက်ပစ္စည်းအစိတ်အပိုင်းများကို လှည့်လည်ကြည့်ရှုကြပါသည်။ အတွင်းရေးမှူး(၁)

> **နိုင်ငံတော်၏ လိုအပ်ချက်တစ်ရပ်ကို မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ပြည်သူ့ဝန်ထမ်း အင်ဂျင်နီယာများအနေဖြင့် ၎င်းတို့၏ စွမ်းပကားဖြင့် အောင်မြင်စွာ တီထွင်ထုတ်လုပ်ပေးနိုင်ခဲ့ကြပြီ ဖြစ်သည်။**

ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ခေတ်မီဆန်စက်ငယ်များ တီထွင်ထုတ်လုပ်ပေးသည့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ကျွမ်းကျင်ပညာရှင်များကို ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းတိတိချီးမြှင့်ပေးအပ်ခဲ့ပါသည်။ အတွင်းရေးမှူး(၁)၏ အဖွင့်အမှာစကားတွင် ပြောကြားခဲ့သည့်အတိုင်း စက်မှုဇုန်များက စပါးစိုက်ကွင်းများအတွင်း အသုံးပြုနိုင်သည့် ဆန်စက်ငယ်များကို နမူနာရယူပြီး ဆက်လက် ထုတ်လုပ်သွားနိုင်ရေးအတွက် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးအနေဖြင့် ဟင်္သာတစက်မှုဇုန်၊ ရန်ကုန်အရှေ့ပိုင်း စက်မှုဇုန်၊ ပြည်စက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်များသို့ ပေးအပ်လှူဒါန်းခဲ့ပါသည်။ နိုင်ငံခြားနည်းပညာကိုဆန်းသစ်ပြီး မြန်မာနိုင်ငံတွင် ပထမဆုံး ထုတ်လုပ်လိုက်သော အပေါ့စားဆန်စက်ငယ် ငါးလုံးကို တောင်သူလယ်သမားများ တွင်ကျယ်စွာအသုံးပြုနိုင်ရေးအတွက် စက်မှုဇုန်ငါးခုတွင် ထပ်ဆင့် နမူနာ ထုတ်လုပ်နိုင်စေရေးအတွက် ရည်ရွယ်ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

၂၀၀၄ခုနှစ် နှစ်ဆန်းပိုင်းက ရန်ကုန်မြို့ ပုဇွန်တောင်ရှိ ရန်ကုန်ကုန်သွယ်မှုဌာန (YTC)တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ ၂၀၀၄တွင် ပါဝင်ပြသခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံလုပ် ဆန်စက်ငယ်မော်ဒယ် DJ- ၃၀၀ နှင့် DJ - ၅၀၀ ဆန်စက်ငယ်များကိုအခြေခံပြီး အားနည်းချက်များကို လေ့လာဆန်းစစ်ကာ ပိုမိုကောင်းမွန်သည့် နည်းပညာဖြင့် ပေါင်းစပ်ဖြည့်ဆည်းရင်း နှစ်လအတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ပေသည်။ တစ်နည်း ဆိုရသော် မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ ၂၀၀၄ ကျင်းပပြသခဲ့ခြင်း၏ အကျိုးဆက်ရလဒ်ဟု ပင်ဆိုနိုင်ပါသည်။ မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ ၂၀၀၄ကို ၂၀၀၄ခုနှစ် ဇန်နဝါရီလအတွင်းက အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီးနောက် ပြပွဲကရရှိခဲ့သော ရလဒ်များအပေါ် အခြေတည်ပြီး ဆန်စက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ခဲ့ကြရာမှ ယခုကဲ့သို့ ဆန်စက်ငယ်များ အောင်မြင်စွာ တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းပင် ဖြစ်ပေသည်။ ကော်မတီများဖွဲ့စည်းပြီးရုံ၊ ပွဲပြီးမီးသေသဘောမျိုးမဟုတ်ဘဲ ဖွဲ့စည်းပြီး ဆပ်ကော်မတီအသီးသီးအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုများအရ လုပ်ငန်းနယ်ပယ်အလိုက် တိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားကြဖို့ လုပ်ငန်းလမ်းညွှန်ချက်များသည်လည်း အဆင့်တစ်ဆင့်အနေဖြင့် ပီပြင်အောင်မြင်ခဲ့ပြီး ဖြစ်ပေသည်။

ကိုရီးယားသမ္မတနိုင်ငံလုပ် ဆန်စက်ငယ်များသည်လည်း ၁၈၉၇ခုနှစ်ကဂျာမန် သိပ္ပံပညာရှင်ကြီး Engelbergတီထွင်ခဲ့သော ကော်ဖီကြိတ်စက် (Engelberg Huller)ကို အခြေခံထားခဲ့ခြင်းဖြစ်ပေသည်။ ကိုရီးယားဆန်စက်ငယ်များ၏ အားနည်းချက်များကို မြန်မာဆန်စက်ပညာရှင်များကလေ့လာပြီး အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးတို့၏ လမ်းညွှန်မှုကိုခံယူပြီး တီထွင်ထုတ်လုပ်ခဲ့သည့် ဆန်စက်ငယ်များလည်းဖြစ်ပါသည်။

ဆန်စက်ငယ်များသည် အရွယ်အစားအားဖြင့် ၇၆၀ x ၆၁၀ x ၁၅၉၀ မီလီမီတာရှိပြီး အလေးချိန် ၅၀၀ကီလိုဂရမ်၊ မြင်းကောင်ရေအား ၇ဒသမ၅ မော်တာ သို့မဟုတ် မြင်းကောင်ရေ ၁၂/၁၃ အင်ဂျင်တပ်ဆင်မောင်းနှင်နိုင်ပြီး တစ်နာရီလျှင် စပါး ၁၅ တင်းမျှ ကြိတ်ခွဲနိုင်ပါသည်။ **ဆန်စက်ငယ်များ၏ ထူးခြားချက်များမှာ အရွယ်အစား သေးငယ်ပေါ့ပါး၍ အလွယ်တကူ သယ်ယူနိုင်ခြင်း၊ စပါးရှိရာနေရာ (လယ်ကွင်းထဲ) အထိသွားရောက်ကြိတ်ခွဲနိုင်ခြင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာစေခြင်း၊ ကိုင်တွယ် လည်ပတ်ရန်နှင့် ပြုပြင်ရန် ရှင်းလင်းလွယ်ကူခြင်း၊ ကြာရှည် အသုံးခံနိုင်ခြင်း၊ အရည်အသွေးမီ ဆန်များ ထုတ်လုပ်ပေးနိုင်ခြင်း၊ စက် အစိတ်အပိုင်းများကို မိမိနိုင်ငံအတွင်း၌ပင် လွယ်လင့်တကူ ထုတ်လုပ်ဝယ်ယူ တပ်ဆင်နိုင်ခြင်း စသည်တို့ပင် ဖြစ်ပေသည်။**

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ စက်မှုဇုန်များသို့ ဆန်စက်ငယ်များ ပေးအပ်လှူဒါန်းခဲ့ရာတွင် စက်ချည်းသက်သက်ကိုသာ လှူဒါန်းခြင်းမျိုးမဟုတ်၊ ဆန်စက်ငယ်ဒီဇိုင်းပုံစံ အသေးစိတ်ကိုပါ လှူဒါန်းခဲ့ခြင်းဖြစ်သည့်အတွက် စက်မှုဇုန်များအနေဖြင့် ယင်းဆန်စက်ငယ် မူလဒီဇိုင်းပုံစံကို အခြေခံပြီး ထပ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်သွားနိုင်လိမ့်မည်ဟု ယူဆနိုင်ပေသည်။ ထို့မျှမက ဌာနအကြီးအကဲ၏ စီစဉ်ပေးမှုဖြင့် ဆန်စက်ငယ်များ လက်ခံရရှိသည့် တိုင်းများရှိ စက်မှုဇုန်များမှ ဆန်စက်ငယ်များနှင့် ပတ်သက်သည့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အတတ်ပညာပိုင်းဆိုင်ရာ လိုအပ်သော အနီးကပ် အကူအညီပေးရမည့် တိုင်းအင်ဂျင်နီယာများကို ရန်ကုန်ရုံးချုပ်ရှိ အင်ဂျင်နီယာဌာနသို့ ဖိတ်ခေါ်၍ ဆန်စက်ငယ်များ လက်တွေ့ကိုင်တွယ် အသုံးပြုပုံနည်းစနစ်မှစ၍ စက်များကြံ့ခိုင်ရေး၊ ပြုပြင်ရေးကိစ္စများကိုပါ လက်တွေ့ပြသလျက်ရှိကြောင်း သိရပါသည်။ ဆန်စက်ငယ်များ တီထွင်ထုတ်လုပ်ခဲ့သော မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးအနေဖြင့် နည်းပညာကို လျှို့ဝှက်ထားခြင်းမရှိသည့်အပြင် အဆိုပါ ဆန်စက်ငယ်များ ဝယ်ယူရန် မှာကြားလာပါက မည်သူ့ကိုမဆို ထုတ်လုပ်ရောင်းချပေးသွားမည်ဟုလည်း စုံစမ်းသိရှိရပါသည်။ ယခုကဲ့သို့ ဆန်စက်ငယ်များ အောင်မြင်စွာ တီထွင်ထုတ်လုပ်နိုင်ခြင်းသည် သွင်းကုန်အစားထိုး(Import Substitution) သွင်းကုန်ပစ္စည်း လျှော့ချနိုင်မှာဖြစ်ပြီး အဆင့်အတန်း ပိုမိုမြင့်မားပြီး ဈေးကွက်အလားအလာကောင်းများရှိနေသည့် ဆန်စက်ငယ်များ ဆက်လက်ကြိုးပမ်းထုတ်လုပ်သွားရန် ကြိုးစားဖို့ အထူးလိုအပ် လှပေသည်။

နိုင်ငံတော်၏ လိုအပ်ချက်တစ်ရပ်ကို မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ပြည်သူ့ဝန်ထမ်း အင်ဂျင်နီယာများအနေဖြင့် ၎င်းတို့၏ စွမ်းပကားဖြင့် အောင်မြင်စွာ တီထွင်ထုတ်လုပ်ပေးနိုင်ခဲ့ကြပြီဖြစ်သည်။ နိုင်ငံတော်အပိုင်းကလည်း တီထွင်ထုတ်လုပ်မှုများကို တွင်ကျယ်စွာ ဆောင်ရွက်လာနိုင်ရေး စက်မှုဇုန်များအတွက် တီထွင်ထုတ်လုပ်ပြီး စက်များနှင့်အတူ စက်အခြေခံဒီဇိုင်းများပါ တစ်ပါတည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာ့ဆန်စက်လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် အလားအလာကောင်းများ ရှိနေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကွင်းဆင်းကြပ်မတ်

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းပြည်ထောင်စုလမ်းမကြီး ဘေး/ဝဲယာ မြက်များ ရှင်းလင်းခြင်း၊ နှစ်ရှည်ခံပန်းများ စိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသက်နိုင်ဦးတို့ ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများ ဩဂုတ် ၈ ရက်က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြစဉ်။ (က-ပ)

ရတနာမဥ္ဇူဓမ္မရိပ်သာ တရားစခန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁

ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ)ကြီးမှူး၍ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ (၂)လမ်း ရတနာမဥ္ဇူ ဓမ္မရိပ်သာတွင် လယ်တီမူ အနာဂါမ် ဆရာသက်ကြီးနည်းဖြင့် (မဟာသဒ္ဓမ္မဇောတိကဓဇ) ဆရာကြီး ဦးသန်းနှင့် ကမ္မဋ္ဌာနာ စရိယများက လစဉ်လပြည့်ကျော် ၈ ရက်တိုင်း ခုနစ်ရက် တရားစခန်းဖွင့်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ လစဉ်လပြည့်ကျော် ၈ ရက် နံနက် ၇ နာရီ ရတနာမဥ္ဇူဓမ္မရိပ်သာသို့ လာရောက်ကြရန်နှင့် မင်္ဂလာဗျူဟာ အသင်းချုပ်မှ ကားဖြင့် ကြိုပို့ပြုလုပ်ပေးမည်ဖြစ်သည်။(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄း၂၅	၅။	မြန်မာသံစဉ်ချိုနှားဝင်
၄း၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄း၅၅	၈။	မျိုးချစ်တပ်မတော်
၅း၀၅	၉။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -Population Statistics I (စီးပွားရေး-ဒုတိယနှစ်)
၅း၃၅	၁၀။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၆။	မြန်မာ့ရှုခင်း
၆း၄၀	၁၇။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာရွှေအိုး" (အပိုင်း-၃၁)**
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိန်းငှက်သူရဲကောင်း" (အပိုင်း-၁)**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

❀ **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းတို့နှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိမ်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် တာဝန်ရှိသူများလည်း ပို့ဆောင်နှုတ်ဆက်ကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ရှေးဦးစွာ ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြရာ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က လေဆိပ်အထူးဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် ကြသည်။

အမှတ်တရလက်ဆောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဧည့်သည်တော်ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ်အား ရန်ကုန်မြို့တွင်း ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရ လက်ဆောင် အဖြစ်ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatra နှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ဟန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူး Colonel Kasam Nakpun တို့ လိုက်ပါလျက် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် မန္တလေးမြို့တို့သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်သွားရောက်မည့် ဧည့်သည်တော် ထိုင်းဘုရင့်တပ်မတော်(ကြည်းတပ်) ဦးစီးချုပ် General Chaisit Shinawatraအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (အပေါ်ပုံနှင့်အောက်ပုံ) (သတင်းစဉ်)

ကဗျာခရီးသည်

* **နူးညံ့သောအခါ၊ နှိုင်းမဲ့ကြာအောင်**
ကဗျာဟူသည်၊ ပန်းဝတ်ရည်သို့
ချိုသည် မွှေးသည်၊ အေးမြသည်တည့်။
* **ထက်မြက်သောခါ၊ ဘက် မရာအောင်**
ကဗျာဟူငြား၊ လှံနှင့်ဓားထက်
ခွန်အားလည်းရှိ၊ စွမ်းအင်ပြည့်၏။
* **ကမ္ဘာပေါ်မှာ**
နေရာဒေသ၊ ကွာခြားကြလည်း
ကဗျာ့ခွန်အား၊ စွမ်းပကားကို
လူသားတိုင်းပင်၊ သိမှတ်မြင်၏
ယဉ်ကျေးမှုအစစ်၊ လူ့အနှစ်ဟု
ချစ်မြတ်နိုးကြ၊ ဂုဏ်ယူကြလျက်
အာရှအရှေ့တောင်၊ ဂုဏ်မြှင့်ဆောင်သည့်
ညီနောင်ရင်းဖွား၊ မလေးရှားဝယ်
"လူသားနှင့်ကဗျာ၊ ဖတ်ပွဲမှာလျှင်"
ကဗျာငှက်များ ဆုံကြပြီ။
* **စာဆိုပေါင်းသော်၊ ငါးဆယ်ကျော်၏**
နိုင်ငံပေါင်းသော်၊ သုံးဆယ်ကျော်၏
ပြုံးပျော်ရွှင်ပျ၊ ဖတ်ရွတ်ကြသည့်
ကမ္ဘာ့ရှေ့နောက်၊ တောင်နှင့်မြောက်မှ
ရောက်ရှိဆင်နွှဲ၊ ပီတိကဲသည်
ခြိမ့်သဲစည်ဝေ၊ လှတကား။
* **သူတို့နိုင်ငံ၊ သူတို့ဟန်နှင့်**
သူ့မာန် သူ့အလှ၊ ဖော်ကျူးပြသို့
ငါတို့နိုင်ငံ၊ ငါတို့မာန်နှင့်
ကိုယ့်ဟန် ကိုယ့်အလှ၊ ကိုယ်ဖော်ပြခဲ့
အလှချင်းဆိုင်၊ ပြိုင်ဖို့မတွေး
ချစ်ကြည်ရေးပင်
သူ့တေးကဗျာ၌၊ ကိုယ်နှစ်ခြိုက်သို့
ကိုယ့်တေးကဗျာ၌၊ သူနှစ်ခြိုက်၏
စရိုက် ဘာသာ၊ စံထုံးကွာလည်း
ကဗျာ စေတမန်၊ ငှက်များပျံ၍
နိုင်ငံချင်းချင်း၊ မေတ္တာနှင်းကာ
ရင်းနှီးစေအောင်၊ ချစ်ကြိုးနှောင်ခဲ့
လရောင်အောက်မှာ၊ ပွင့်သောကြာနှယ်
ကဗျာ ချစ်ပန်း၊ မွှေးထုံလန်းသည်
ငြိမ်းချမ်းကမ္ဘာ သာစေသော်။ ။

(၁၆-၈-၂၀၀၄ မှ ၂၂-၈-၂၀၀၄ ရက်နေ့အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သော နိုင်ငံတကာ ကဗျာဖတ်ပွဲ World Poetry Reading **သို့ အမှတ်တရ)**

မြင်းမူမောင်နိုင်မိုး

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂-၉-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ **မင်းကွန်းဆရာတော်ကြီး ထေရုပ္ပတ္တိမော်ကွန်း (ဒုတိယဆယ်စုနှစ်) (အပိုင်း-၁)**
၈:၀၀ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၂၀ ၈။ အကပဒေသာ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၄၅ ၈။ **မပြောမပြီးမတီးမမြည် (နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်း၊ အိမ့်ချယ်၊ မိုးဇော်၊ ခိုင်ဆုသွယ်) [ဒါရိုက်တာ-မောင်မောင်မြင့်]**
၆:၀၅ ၉။ တေးဂီတအစီအစဉ်
၆:၁၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လူချွန်လူကောင်း"(အပိုင်း-၇)**
၇:၃၅ ၁၄။ တေးဂီတအစီအစဉ်
၇:၄၅ ၁၅။ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံအတွက်ကြိုတင်ပြင်ဆင်မှုများ
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း ချစ်ခြင်းတရား၏ ဆန္ဒအတိုင်း (အပိုင်း-၁) (ပိုင်ဇေရဲထွန်း၊ မျိုးသန္တာထွန်း၊ လှအဉ္စလီတင့်) [ဒါရိုက်တာ-ဇော်မြင့်ဦး]**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

လုပ်ငန်းစဉ် (၇)ရပ် အောင်မြင်ရေး အသင်းကြီး၏ အဆင့်တိုင်းက တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနေ နိုင်ငံတော်၏ အနာဂတ်ရေးနှင့် ဆက်စပ်နေသည့် လုပ်ငန်းစဉ်များဖြစ်သည့်အတိုင်း တက်ညီလက်ညီ အကောင်အထည်ဖော်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုနည်းပြသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ **ကျေးလက်ဒေသမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုနည်းပြသင်တန်းများကို ပြည်နယ်၊ တိုင်း၊ ခရိုင်အလိုက် ဖွင့်လှစ်မည့်သင်တန်းများအတွက် နည်းပြများအဖြစ် တာဝန်ယူဆောင်ရွက်နိုင်ရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့်ဖွင့်လှစ်ပြီး လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

၈၀ ရာခိုင်နှုန်းကျော်

ယခင်သင်တန်း အမှတ်စဉ် (၁)၊ (၂)နှင့် (၃)တို့တွင် သင်တန်းသား ၄၅၉ဦး လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီး ယခုဖွင့်လှစ်သော သင်တန်း၌ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား ၂၀၀ဦးကို လေ့ကျင့်ပျိုးထောင်ပေးမည်ဖြစ်ကြောင်း၊ မြန်မာ့ ဖွံ့ဖြိုးရေးလေ့လာမှု နည်းပြသင်တန်း တက်ရောက်ပြီးသူ အရေအတွက်သည် ပြည်နယ်၊ တိုင်း၊ ခရိုင်အသင်း အဆင့်ဆင့်တွင် ၈၀ရာခိုင်နှုန်းကျော် ရှိလာပြီဖြစ်ကြောင်း၊ ဤနည်းပြသင်တန်း၌ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ နယ်မြေဒေသအသီးသီး၊ ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်အောင် နေ့မအား ညမနား တည်ဆောက်ရယူခဲ့သည့် အခြေခံအဆောက်အအုံကောင်းများ၊ ပတ်ဝန်းကျင်ကောင်းများ၊ အခွင့်အလမ်းကောင်းများကို ဝန်ကြီးဌာနများအလိုက် အကြီးအကဲများကိုယ်တိုင် ဆွေးနွေး ပို့ချသွားမည် ဖြစ်ကြောင်း။

နိုင်ငံတော်ကြီးကို ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်ရာ၌ မြို့ပြများ ဖွံ့ဖြိုးတိုးတက်သကဲ့သို့ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရင်း ကျေးလက်ဒေသစည်းရုံးရေးကိုလည်း တစ်ပြိုင်တည်းဖောက်ချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့် ကျေးလက် ကွာဟမှု လျော့နည်းကျဆင်းပြီး ကျေးလက်နေပြည်သူများ၏ လူမှုဘဝ အဆင့်အတန်း မြင့်မားရေး၊ ကျေးလက်ဒေသစီးပွား ဖွံ့ဖြိုးရေး၊ ရေကောင်းရေသန့်ရရှိရေး၊ ကျေးလက်လမ်းများတိုးတက်ကောင်းမွန်ရေး၊ ပညာအခြေခံမြင့်မားရေး၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုအဆင့်မြင့်မားရေးစသည့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အတူ တစ်နိုင်တစ်ပိုင် ကျေးလက်မီးရရှိရေးလုပ်ငန်းများကိုပါ ဖြစ်နိုင်သမျှလုပ်ကိုင်ဆောင်ရွက်ရေးသည် အသင်းကြီး၏ ယနေ့မျက်မှောက် ဆောင်ရွက်သွားရမည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများပင်ဖြစ်ကြောင်း။

တိုးတက်အောင်မြင်မှု

ယနေ့ နိုင်ငံတော်တစ်ဝန်း၌ စီးပွားရေးအရ တိုးတက်အောင်မြင်မှုများကို စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ စသည်ဖြင့် ကဏ္ဍအားလုံး၌ သိသာထင်ရှားစွာ တွေ့မြင်နေရပြီဖြစ်ကြောင်း။

အလားတူ ပညာရေးကဏ္ဍ၌ အခြေခံပညာကျောင်းများတိုးချဲ့ဖွင့်လှစ်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ၊ ဆေးပညာဆိုင်ရာအဆင့်မြင့်သင်ကြားမှုဌာနများကိုလည်း တိုးချဲ့ဖွင့်လှစ်ခြင်းတို့ဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်ပညာတတ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ ထို့အတူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

နယ်စပ်ဒေသများ

အထူးသဖြင့် မိမိတို့အစိုးရလက်ထက်၌ အကြောင်းအမျိုးမျိုးကြောင့် ခေတ်နောက်ကျနေခဲ့ရသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အလေးထား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့လုပ်ကိုင်ပေးခြင်းဖြင့် ဒေသခံပြည်သူတို့ကို ထိရောက်စွာ အကျိုးပြုနိုင်ပြီး အသင်းကြီး၏လုပ်ငန်းစဉ်များအပေါ် နားလည်ထောက်ခံအားပေးမှုများကို ပိုမိုရရှိလာစေမည်ဖြစ်ကြောင်း၊ ပြည်သူများနှင့်တစ်သားတည်းနေထိုင်ပြီး ရင်းနှီးယုံကြည်မှုရရှိလာသည်နှင့်အမျှ ပြည်သူများက မိမိတို့လုပ်ဆောင်မှုများအပေါ် ယုံကြည်အားကိုးလာပြီး ပူးပေါင်းလုပ်ကိုင် ဆောင်ရွက်လာမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ မိမိတို့အသင်း၏အင်အားနှင့် ကျေးရွာပြည်သူများ၏ အင်အားပေါင်းပြီး ဆောင်ရွက်သည့်လုပ်ငန်း၊ မိမိတို့အင်အားသက်သက်ဖြင့်မလုပ်နိုင်ဘဲ ဌာနဆိုင်ရာများနှင့်ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းဟူ၍ နှစ်ပိုင်းရှိမည်ဖြစ်သကဲ့သို့ လတ်တလောအကျိုးပြုလုပ်ငန်းနှင့် ရေရှည်အကျိုးပြုလုပ်ငန်းများဟူ၍လည်း ရှိမည်ဖြစ်ကြောင်း၊ ပြည်သူတို့၏ဆန္ဒအပေါ်တွင်အားပြုပြီး လုပ်ရသည့် လုပ်ငန်းများဖြစ်၍ ပြည်သူတို့၏ နိုးကြားသည့်အသိစိတ်ဓာတ်ဖြင့် စိတ်ရောကိုယ်ပါ ပါဝင်ဆောင်ရွက်လာရန်လိုအပ်ကြောင်း၊ ထို့ပြင် ရပ်ရွာဒေသဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ်ထက်သန်စွာဖြင့် ဆောင်ရွက်လာစေရန်လည်း နည်းပေးလမ်းပြ စည်းရုံးဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကာလဒေသနှင့်ကိုက်ညီပြီး လိုလည်းလိုအပ်၊ ဖြစ်လည်းဖြစ်နိုင်၊ အောင်လည်းအောင်မြင်နိုင်သောလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့်ညှိနှိုင်းပြီး ဦးစားပေးစည်းရုံးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ထိုးဖောက်စည်းရုံး

ဌာနဆိုင်ရာများသွားရောက်နိုင်ခြင်း မရှိသောနေရာဒေသအချို့ကို မိမိအသင်းဝင်များအနေဖြင့် နည်းအမျိုးမျိုးဖြင့် ထိုးဖောက်သွားရောက် စည်းရုံးသွားနိုင်ရန်လည်းလိုအပ်ကြောင်း၊ အပင်ပန်းခံကွင်းဆင်းလှုပ်ရှားနိုင်မှသာ အောက်ခြေပြည်သူတို့၏အခြေအနေမှန်ကိုသိရှိပြီး ထိရောက်သော ကူညီအကျိုးပြုခြင်းဖြင့်သာ မိမိတို့အသင်းအား အဆင့်ဆင့်တောင့်တင်းခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုအချိန်တွင် နိုင်ငံတော်၌ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာအခြေခံကောင်းများကို ခိုင်ခိုင်မာမာ တည်ဆောက်ထားနိုင်ပြီဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အုပ်ချုပ်ပုံစနစ်သစ်အတွက်လည်း ညင်သာစွာ အသွင်ကူးပြောင်းပေးလျက်ရှိကြောင်း၊ နိုင်ငံရေးဦးတည်ချက်(၄)ရပ်အနက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့ကို ခိုင်မာစွာ ထူထောင်နိုင်ခဲ့ပြီဖြစ်ရာ ကျန်ရှိသောနိုင်ငံရေးဦးတည်ချက်(၂)ဖြစ်သည့်–

- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

တို့ကို အပြီးသတ်ပြည့်စုံစွာ အကောင်အထည်ဖော်ရန် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အတိအလင်းချမှတ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

ယင်းမူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှသာ နိုင်ငံတော်ကြီးကို စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားသည့် ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ဆက်လက်ပုံဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

တက်တက်ကြွကြွပါဝင်နေ

ထို့ကြောင့် ယင်းလုပ်ငန်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အသင်းကြီး၏ အဆင့်တိုင်းက တက်တက်ကြွကြွ ပါဝင်လှုပ်ရှားနေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အရေးနှင့် ဆက်စပ်နေသည့် လုပ်ငန်းစဉ်များဖြစ်သည့်အတိုင်း အသင်းဝင်အားလုံးက ထက်ထက်သန်သန်၊ စေတနာရှိရှိဖြင့် တက်ညီလက်ညီ စည်းရုံး အကောင်အထည်ဖော်သွားကြရန်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အသင်းဝင်များသည် မိမိတို့ပါဝင်ဆောင်ရွက်နေရသော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် တာဝန်များ၏ မွန်မြတ်ခြင်းနှင့် အရေးပါမှုကို သိရှိနားလည် တန်ဖိုးထားကြရန်၊ မိမိတို့ပါဝင်ဆောင်ရွက်နိုင်စွမ်းရှိမှုအပေါ် ဖြစ်ပေါ်လာမည့် အကျိုးဆက်ရလဒ်ကောင်းများကိုလည်း မြင့်တင်ဂုဏ်ယူတတ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အပိုင်းက စိတ်ကောင်းစေတနာကောင်းထားပြီး အနာဂတ်နိုင်ငံတော်ကြီးကို ပုံဖော်တည်ဆောက်ပေးနေသည့် အခွင့်အခါကောင်းကို အရအမိဆုပ်ကိုင်ရယူနိုင်ရန်လိုအပ်ကြောင်း၊ အကောင်းနှင့်အဆိုး၊ အပြုနှင့်အဖျက်၊ တိုင်းကျိုးပြည်ပြုလုပ်ငန်းနှင့် အဖျက်လှုံ့ဆော်မှုလုပ်ငန်းများကို ခွဲခြားသိမြင်နိုင်ရန်လိုအပ်ကြောင်း၊ ပြည်သူတစ်ရပ်လုံးပါဝင်လာအောင်စည်းရုံးဆောင်ရွက်ရာ၌ ကာလ၊ ဒေသ၊ ပယောဂအခြေအနေတို့ကို ဆင်ခြင်သုံးသပ်ပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမိနိုင်ငံတော်အတွက် တစ်ခုတည်းသော အမျိုးသားရေးအသင်းကြီးဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွား ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးလာအောင် အမျိုးသားရေးတပ်ဦးအဖြစ် မားမားမတ်မတ်၊ ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ယခုသင်တန်း၌ ရရှိလာမည့် အတွေ့အကြုံနှင့် အသိအမြင်များပေါ်အခြေခံပြီး ပိုမိုတိုးတက်အောင် လေ့လာဆောင်ရွက်သွားကြပါ၊ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်လာအောင် နယ်မြေအတွင်း ကွက်ပြည့်စည်းရုံးမှုများကို အောင်မြင်အောင်ဆောင်ရွက်သွားကြပါဟု မှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှုနည်းပြသင်တန်း အမှတ်စဉ်(၄)သို့ တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

စက်သုံးဆီ ခြိုးခြံချွေတာရေး

- ▲ ကားတစ်စီး တစ်လ စက်သုံးဆီ တစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။
- ▲ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂ စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅ ဒသမ ၅ သန်း သက်သာမည်။
- ▲ ထိုငွေဖြင့် ရေဝတီ မြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။

ဩဂုတ် ၂၉ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အထက(ခွဲ) အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံထူးချွန်ဆုနှင်းသဘင်တွင် သင်္ချာထူးချွန်းဆုရ စတုတ္ထတန်းမှ မအိသက်သက်သွယ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုယုတင် ဆုချီးမြှင့်စဉ်။ (က–ပ)

❀ **မြန်မာနိုင်ငံမှ**
အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ မြန်မာနိုင်ငံ အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ဗဟိုကော်မတီဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် အာဟာရလုပ်ငန်း ဆောင်ရွက်နေသည့် နိုင်ငံတကာ NGO များမှ ကိုယ်စားလှယ်များ၊ ဆားလုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့် အထူး ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းတည်ဆောက်ပေးလျက် ရှိရာတွင် အဓိကအကျဆုံး လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးတို့သည် ပဓာနအကျဆုံး အမျိုးသားရေးလိုအပ်ချက်များဖြစ်သည်ကို ခံယူထားပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေးဆိုသည့် အမျိုးသားရေးဦးတည်ချက်ကို ခိုင်ခိုင်မာမာချမှတ်ပြီး လက်တွေ့အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် ဘက်စုံကဏ္ဍစုံက ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ကျန်းမာရေးအဆင့်မြှင့်တင်ရေး

ယခုကဲ့သို့ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများ ဖြစ်ထွန်းလာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက် ရှည်စွာနေနိုင်ရေး၊ နိုင်ငံသားတိုင်း ရောဂါဘယ ကင်းရှင်းရေးဆိုသည့် ရည်မှန်းချက်များချမှတ်ပြီး ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ ကျန်းမာရေး အဆင့်အတန်း မြှင့်တင်ရေးတွင် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်နေသည့် ပြည်သူများ၏ အာဟာရအခြေအနေ တိုးတက်မြင့်မားရေးကို နိုင်ငံတော် အစိုးရက အထူးအလေးထားပြီး စနစ်တကျ စီမံချက်များချမှတ်ကာ ဘက်စုံ ထောင့်စုံက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေခြင်းပင်ဖြစ်ကြောင်း။

ပြည်သူများ၏ အာဟာရအခြေအနေ တိုးတက်မြင့်မားလာစေရေးအတွက် စားနပ်ရိက္ခာဖူလုံရေးကို အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်အဖြစ် ဖြည့်ဆည်း ဆောင်ရွက်ပေးနေသကဲ့သို့ အာဟာရပြည့်ဝသော အစားအစာများကို ကျန်းမာ ရေးနှင့်ညီညွတ်အောင် စနစ်တကျ စားသုံးတတ်ကြစေရန်လည်း အရေးကြီးသည့် လုပ်ငန်းတစ်ရပ်အဖြစ် ယှဉ်တွဲဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

စားသုံးမှုဖူလုံရေး

မြန်မာနိုင်ငံ၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါး ပိုမိုထွက်ရှိရေး၊ ပြည်တွင်း၌ စားသုံးဆီဖူလုံရေး၊ ပဲ့ကုန်သီးနှံများ တိုးတက်ထုတ်လုပ်ရေးတို့ အတွက် လယ်ယာကဏ္ဍတွင် စီမံကိန်းများရေးဆွဲပြီး နိုင်ငံတော်အစိုးရက စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်တွင်း စားသုံးမှု ဖူလုံပြည့်စုံစေရေးအတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာ ဖြည့်တင်းပေးနိုင်ရေးအတွက်ပါ သီးနှံများ တိုးချဲ့စိုက်ပျိုး ထုတ်လုပ်နိုင်စေရန် ဦးစားပေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

အလားတူပင် မြန်မာနိုင်ငံ၏ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းနှင့် တကွ မြစ်ချောင်းအင်းအိုင်များ ပေါများကြွယ်ဝမှုက ဖန်တီးဖော်ဆောင်ပေးထား သည့် သားငါးထုတ်လုပ်နိုင်မှုအခြေအနေ အခွင့်အလမ်းကောင်းများကို ထိထိ ရောက်ရောက်အသုံးချပြီး မွေးမြူရေးနှင့် သားငါးကဏ္ဍမှာပါ မြှင့်တင်အားပေး လျက် ပြည်သူများ၏ စားနပ်ရိက္ခာ ဖူလုံပြည့်စုံရေးအတွက် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း။

စီမံကိန်းချမှတ်

ထို့အပြင် ပြည်သူများစားနပ်ရိက္ခာ ဖူလုံရေးအတွက် နိုင်ငံတော်အကြီး အကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဒေသအလိုက်၊ မြို့နယ်အလိုက် ဆန်စပါး ဖူလုံရေးနှင့် အခြားစားနပ်ရိက္ခာများ တိုးတက်ထုတ်လုပ်နိုင်ရေးကို ရည်မှန်းပြီး စနစ်တကျ စီမံကိန်းများချမှတ်ကာ အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း။

ယခုကဲ့သို့ ပြည်သူများ၏ အာဟာရဖြည့်ဆည်းပေးနိုင်မှု အခြေအနေကို မြှင့်တင်ပေးနိုင်ရန်အတွက် စားနပ်ရိက္ခာထုတ်လုပ်ရေးအပိုင်းတွင် စနစ်တကျ အစီအမံများချမှတ် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အာဟာရပြည့်ဝသော အစားအစာများကို ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးတတ်ရေးအတွက်လည်း ကျန်းမာရေးကဏ္ဍက ဟန်ချက်ညီညီ ပညာပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အာဟာရပြဿနာသည် အခြားကျန်းမာရေးပြဿနာများနှင့် နီးနွယ် ဆက်စပ်နေသည်ကို ပညာရှင်အများက လက်ခံထားပြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ရောဂါအမျိုးမျိုးကြောင့် သေဆုံးကြရသည့် (၅)နှစ်အောက် ကလေးသူငယ်များအနက် ၅၀ရာခိုင်နှုန်းကျော်မှာ အာဟာရချို့တဲ့မှုနှင့် ဆက်စပ်ပတ်သက်နေသည်ဟု လေ့လာသိရှိရကြောင်း၊ ထို့အပြင် အာဟာရ ချို့တဲ့မှု၊ သွေးအားနည်းမှုများသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများကို မီးဖွားခြင်းနှင့် ဆက်နွယ်သော ဝေဒနာအမျိုးမျိုးကို ခံစားရစေပြီး အသက် ဆုံးရှုံးရဖို့ရန် အန္တရာယ်ပိုများစေသည်ကို ပညာရှင်များအားလုံး လက်ခံထား သည့်အချက်ဖြစ်ကြောင်း၊ သွေးအားနည်းသော မိခင်များသည် ကိုယ်အလေးချိန် မပြည့်သည့် ရင်သွေးငယ်များကို မွေးဖွားတတ်ကြောင်းလည်း ကျန်းမာရေး ပညာရှင်များက သုတေသနပြု ဖော်ထုတ်ထားပြီးဖြစ်ကြောင်း။

အာဟာရဖွံ့ဖြိုးရေး

ထို့ကြောင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဟာရ ချို့တဲ့မှုများ လျော့နည်းပပျောက်ရေး၊ ကျန်းမာရေးကို အထောက်အကူပြုသည့် စားသောက်ပုံ အလေ့အထများ ထွန်းကားလာရေး၊ အာဟာရလွန်ကဲမှုနှင့် နီးနွယ်နေသော ရောဂါများ၏အန္တရာယ်မှ ကာကွယ်တားဆီးရေးဆိုသည့် ရည်မှန်းချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည် ကို တွေ့ရှိကြောင်း၊ ဤရည်မှန်းချက်များနှင့်အညီ အာဟာရဓာတ်များပါဝင်သော ဆေးများတိုက်ကျွေးမှု၊ အာဟာရဖြည့်စွက်ထားသည့် အစားအစာများ ထုတ်လုပ် စားသုံးစေမှု၊ အာဟာရပညာပေးမှုဆိုသည့် နည်းလမ်းအမျိုးမျိုးကို ယှဉ်တွဲပြီး ကျန်းမာရေးကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက အကောင်အထည်ဖော် ဆောင်ရွက် နေခြင်းဖြစ်ကြောင်း။

ဗီတာမင်'အေ'ချို့တဲ့မှုသည် တစ်ချိန်က ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားတွင် ကလေးသူငယ်များ မျက်စိကွယ်ရသည့် အဓိကအကြောင်းအရင်းတစ်ရပ် ဖြစ်ခဲ့သလို ဗီတာမင်'အေ'ချို့တဲ့မှုကြောင့် မျက်စိကွယ်ရသည့် ကလေးများ သည်လည်း တစ်နှစ်၊ နှစ်နှစ်အတွင်းမှာပင် အကြောင်းအမျိုးမျိုးဖြင့် အသက် ဆုံးရှုံးခဲ့ကြရသည်ကို လေ့လာတွေ့ရှိရသည့်အတွက် ဗီတာမင်'အေ' ဆေးလုံး တိုက်ကျွေးမှုကို ကမ္ဘာ့နိုင်ငံအများက စနစ်တကျ ကျင့်သုံးဆောင်ရွက်ခဲ့ကြ ကြောင်း၊ ထို့ကြောင့် ယခုဆိုလျှင် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် ထောင်ပေါင်း များစွာသော ကလေးသူငယ်များကို မျက်စိကွယ်သည့်အန္တရာယ်၊ အသက် သေဆုံးရသည့်အန္တရာယ်များက ကာကွယ်ပေးနိုင်နေပြီဖြစ်သည်ကို တွေ့ရ ကြောင်း။

ဗီတာမင်'အေ'တိုက်ကျွေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့်လည်း ကလေးသူငယ်များ ဗီတာမင်'အေ' ချို့တဲ့မှုအန္တရာယ် ကာကွယ်တားဆီးရေး၊ ကူးစက်ရောဂါ အမျိုးမျိုးကို ခုခံတိုက်ခိုက်နိုင်သည့် စွမ်းအားမြင့်မားလာစေပြီး ကလေးသူငယ် ရောဂါဖြစ်နှုန်း၊ သေဆုံးနှုန်းများ ကျဆင်းလာစေရေးတို့ကို ရည်မှန်းပြီး တစ်နိုင်ငံလုံးမှာရှိသည့်ခြောက်လမှ(၅)နှစ်အောက်ကလေးငယ်များကို ခြောက်လ တစ်ကြိမ် အင်အားပြည့် ဗီတာမင်'အေ'ဆေးလုံးတိုက်ကျွေးမှုများကို စနစ်တကျ စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အင်အားပြည့် ဗီတာမင်'အေ' ဆေးလုံးတိုက်ကျွေးမှုများကို ယခုကဲ့သို့ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများဖြင့် တစ်နိုင်ငံလုံး တစ်ပြိုင်တည်း ဖြန့်ကြက်ဆောင်ရွက်မှုများ၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ပိုလီယို ကာကွယ်ဆေးများနှင့် ပူးတွဲတိုက်ကျွေးမှုများကို စနစ်တကျ ဆောင်ရွက်ခဲ့ခြင်း ကြောင့် လွှမ်းခြုံမှု ရာခိုင်နှုန်းပြည့်နီးပါး ရရှိဖြစ်ထွန်းနေပြီလည်းဖြစ်ကြောင်း။

ထို့ကြောင့် ယခုအခါတွင် မြန်မာနိုင်ငံတော်အတွင်း ဗီတာမင်'အေ' ချို့တဲ့မှုကြောင့် မျက်စိကွယ်ရသည့်ကလေးများ မရှိတော့သလောက် ရှားပါး သွားပြီဖြစ်ကြောင်း၊ သို့ရာတွင် (၅)နှစ်အောက်ကလေး သေဆုံးမှုနှုန်း ကျဆင်းရေးကိုအထောက်အကူပြုသည့်လုပ်ငန်းတစ်ရပ်အနေဖြင့် ဗီတာမင်'အေ' ဆေးလုံး တိုက်ကျွေးခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေရဦးမှာ ဖြစ် ကြောင်း။

တစ်ချိန်က လည်ပင်းကြီးရောဂါဟု လူသိများခဲ့သော အိုင်အိုဒင်း ချို့တဲ့မှုရောဂါ တားဆီးကာကွယ်ရေးအတွက် မြန်မာနိုင်ငံသားအားလုံး

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အိုင်အိုဒင်းဆား စားသုံးနိုင်စေရန် ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် စနစ်တကျ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် တစ်နိုင်ငံလုံးတွင် အိုင်အိုဒင်းဆား စားသုံးနေသည့် အိမ်ထောင်စုရာခိုင်နှုန်းမှာ ၈၆ရာခိုင်နှုန်းထိ ရရှိဖြစ်ထွန်းနေပြီဖြစ်ကြောင်း။

အိုင်အိုဒင်းဆား စားသုံးမှုမြင့်မားလာသည်နှင့်အမျှ လည်ပင်းကြီးရောဂါ ဖြစ်ပွားမှုမှာလည်း သိသိသာသာ လျော့နည်းကျဆင်းလာပြီဖြစ်သည့်အတွက် ၂၀၀၅ခုနှစ်တွင် အိုင်အိုဒင်းချို့တဲ့မှုကို မြန်မာနိုင်ငံ၌ ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်က လုံးဝပပျောက်သွားရေးဆိုသည့် ရည်မှန်းချက်ပန်းတိုင်သည် လက်တစ်ကမ်းအကွာတွင် ရောက်ရှိနေပြီဟု ပြောနိုင်ပြီဖြစ်ကြောင်း၊ ထို့ကြောင့် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် အောင်မြင်မှုကို ရေရှည်ထိန်းသိမ်းမြှင့်တင်သွား နိုင်စေရန် လိုအပ်သောအစီအမံများကို အရှိန်အဟုန်မြှင့်ပြီး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တာဝန်ရှိသူများကို မှာကြားလိုကြောင်း။

အာဟာရပညာပေး

အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်ယှဉ်တွဲပြီး အာဟာရပညာပေး လုပ်ငန်း များကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မှာဖြစ်ကြောင်း၊ မိဘများအနေဖြင့် ဗီတာမင်'အေ'ဆေးလုံးများ၏ အကျိုး အာနိသင်ကို သိရှိနားလည်ပြီး မိမိတို့၏ကလေးများကို တိုက်ကျွေးချင် လာအောင် အာဟာရပညာ ဖြန့်ဖြူးပေးမှုများ၊ အိုင်အိုဒင်းချို့တဲ့မှု၏ အန္တရာယ်နှင့် အိုင်အိုဒင်းဆား စားသုံးခြင်း၏ အကျိုးကျေးဇူးရလဒ်များကို ပြည်သူများ သိရှိနားလည်ပြီး စံချိန်မီသည့် အိုင်အိုဒင်းဆားကို ရွေးချယ်စား သုံးဆောင်လာအောင် အာဟာရပညာဖြန့်ဖြူးပေးမှုများ၊ ပြည်သူများအကြားတွင် ကျန်းမာရေးကို အထောက်အကူပြုသည့် နေထိုင်စားသောက်မှုပုံသဏ္ဌာန်နှင့် အလေ့အထများ ထွန်းကားလာအောင် အာဟာရပညာဖြန့်ဖြူးပေးမှုများ ဆက်လက်ဆောင်ရွက်ကြဖို့ လိုအပ်ဦးမှာဖြစ်ကြောင်း။

မလိုအပ်ဘဲ အစားရှောင်သည့်အတွက် အာဟာရချို့တဲ့မှုများဖြစ်နိုင်ပုံ၊ အာဟာရဓာတ်များ စုံစုံလင်လင် မျှမျှတတရရှိအောင် အစာအုပ်စုအမျိုးမျိုးမှ အစားအစာများကို ရွေးချယ်စားသုံးရန်လိုအပ်ပုံ၊ အာဟာရလွန်ကဲမှုမဖြစ်အောင် ဆင်ဆင်ခြင်ခြင် စားသုံးတတ်ရန် အရေးကြီးပုံအစရှိသည့် အာဟာရဗဟုသုတ များကို အရှိန်အဟုန်မြှင့်ပြီး ဆက်လက်ဖြန့်ဖြူး ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

နောက်ခံအကြောင်းရင်း

လူ့အဖွဲ့အစည်းတစ်ခုအတွင်းတွင် အာဟာရချို့တဲ့မှု၊ အာဟာရလွန်ကဲမှု များဖြစ်ပွားခြင်းသည် ထိုလူ့အဖွဲ့အစည်း၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ အပေါ် အရင်းခံနေသည်ကို တွေ့နိုင်ကြောင်း၊ ကလေးများ၏ အာဟာရအခြေ အနေသည် မိခင်များ၏ ပညာရေးနှင့် အာဟာရဗဟုသုတကြွယ်ဝမှု၊ ကလေးကို အစားအသောက် ကျွေးမွေးပုံဓလေ့နှင့် အမူအကျင့်များ၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အခြေအနေ၊ ရောဂါဘယဖြစ်ပွားမှု စသည့် နောက်ခံအကြောင်းရင်းများစွာ အပေါ်တွင် တည်မှီနေသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကာကွယ်ဆေးထိုး ဆေးတိုက်လုပ်ငန်းများ၊ ရောဂါ နှိမ်နင်းရေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ၊ မိခင်နှင့် ကလေး ကျန်းမာရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ကျန်းမာ ရေး ပညာပေးလုပ်ငန်းများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်နေသည်ကို တွေ့မြင်နိုင်ကြောင်း။

တိုးမြှင့်ဆောင်ရွက်နေ

မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဟာရလုပ်ငန်းများ ဆောင်ရွက်ရာ တွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် ဒေသပြင်ပမှ အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်လည်းရှိကြောင်း။

၂၀၀၃-ခုနှစ်တွင် ပြုလုပ်ခဲ့သည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုတွင် နိုင်ငံတော်အစိုးရဌာနများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်း များ၏ ပံ့ပိုးဆောင်ရွက်မှု၊ ပြည်သူတစ်ရပ်လုံး၏ တက်ကြွစွာ ပူးပေါင်းပါဝင်မှု တို့ကြောင့် ထူးခြားသော အောင်မြင်မှုများကို ရရှိခဲ့ကြောင်း၊ ပြည်သူလူထုကြား

အာဟာရဖွံ့ဖြိုးရေ…
မိခင်နှင့်ကလ…

တွင် အိုင်အိုဒင်းချို့တဲ့မှု၏ အန္တရာယ်၊ အို…
ကျေးဇူးရလဒ်များနှင့် ပတ်သက်ပြီး မှန်ကန်…
တိုးတက်ဖြစ်ထွန်းလာသည်ကို ဆန်းစစ်…
ဗီတာမင်'အေ'ဆေးလုံးတိုက်ကျွေးခြင်း လွှ…
များ သံဓာတ်ဆေးပြားသောက်သုံးနိုင်မှု အ…
ကိုလည်း သုံးသပ်တွေ့ရှိခဲ့ရကြောင်း။

အထောက်အ…

ယခုကဲ့သို့ ရရှိဖြစ်ထွန်းနေသည့် အ…
အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှာ…
၂၀၀၅ခုနှစ်တွင် အိုင်အိုဒင်းချို့တဲ့မှုပပျောက်…
နှင့် ဗီတာမင်'အေ'ဆေးလုံးတိုက်ကျွေးခြ…
ရေးတို့အတွက် များစွာအထောက်အကူပြု…
ထို့ပြင် ယခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်…
လောင်းများအတွက် သံဓာတ်ဆေးပြား…
ကလေးများအတွက် အာဟာရပြည့်ဝမျှ…
ချက်ပြုတ်ခြင်းပြိုင်ပွဲများ ထည့်သွင်းဆော…
"ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များ" (Miller…
ပါဝင်သည့် (၅)နှစ်အောက်ကလေး အာ…
မိခင်သေဆုံးမှုနှုန်း ကျဆင်းရေးကြိုးပမ်း…
ပြုလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြော…

မြန်မာနိုင်ငံအနေဖြင့် ကျေးလက်…
နယ်စပ်ဒေသက ပြည်သူများ၏ ကျန်းမာ…
များကို အလေးပေးဆောင်ရွက်ရန် လိုအပ်…
ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း…
ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံ…
အမြောက်အမြား ကျခံသုံးစွဲပြီး ကျေးလက်…
ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်…
ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင်…
နှုန်းမှာ သိသာထင်ရှားစွာ ကျဆင်းလျက်…
နေရကြောင်း။

သန့်ရှင်းသော သောက်သုံးရေရရှိရေး…
စေတနာရှင်ပြည်သူများ၏ ပူးပေါင်းဆော…

ခက်ခဲသော ဒေသများ၊ ကျေးလက်အစွန်အ…
သောက်သုံးရေများ ရရှိနေကြပြီလည်းဖြစ်…

ရိက္ခာဝမ်းစာမဖူလုံသေးသည့်ဒေသမျ…
ဆည်မြောင်းတာတမံများ တည်ဆောက်ပေ…
ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် နွေ၊ မိုး၊…
နိုင်နေကြပြီဖြစ်ကြောင်း၊ တစ်နှစ်ပတ်လ…
စပါးနှင့် အခြားသီးနှံများ ပိုမိုစိုက်ပျိုးထုတ်…
ရာခိုင်နှုန်းများ တိုးတက်ဖြစ်ထွန်းလျက်ရှိ…

ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းလာ…
ပြည်သူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ ကို…
လူမှုရေး အဖွဲ့အစည်းများ၏ ပူးပေါင်းပါ…
ဖြစ်ကြောင်း၊ အထူးသဖြင့် အစိုးရနှင့်ပြည်သူ…
သည်နိုင်ငံတော်အတွက် အလွန်အရေးပါလှ…

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည…
အထူးသဖြင့် မိခင်များနှင့် ကလေးသူငယ်မှ…
ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေ…
ပါဝင်ကြိုးပမ်းဆောင်ရွက်နေကြသည့် နိုင်ငံ…
ကြသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့…
ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ နှင်…
အစည်းများ၊ တိုင်းရင်းသား ပုဂ္ဂလိကလုပ်…

အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ယှဉ်တွဲပြီး အာဟာရပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် မိခင်နှင့်ကလေး သေဆုံးမှုနှုန်း သိသာထင်ရှားစွာ ကျဆင်းလျက်ရှိ

တွင် အိုင်အိုဒင်းချို့တဲ့မှု၏ အန္တရာယ်၊ အိုင်အိုဒင်းဆားစားသုံးခြင်း၏ အကျိုးကျေးဇူးရလဒ်များနှင့် ပတ်သက်ပြီး မှန်ကန်သည့် ဗဟုသုတနှင့် အမူအကျင့်များ တိုးတက်ဖြစ်ထွန်းလာသည်ကို ဆန်းစစ်တွေ့ရှိခဲ့ကြောင်း၊ ကလေးများကို ဗီတာမင်'အေ'ဆေးလုံးတိုက်ကျွေးခြင်း လွှမ်းခြုံမှု၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ သံဓာတ်ဆေးပြားသောက်သုံးနိုင်မှု အခြေအနေများ တိုးတက်လာသည်ကိုလည်း သုံးသပ်တွေ့ရှိခဲ့ရကြောင်း။

အထောက်အကူပြု

ယခုကဲ့သို့ ရရှိဖြစ်ထွန်းနေသည့် အကျိုးရလဒ်ကောင်းများသည် ယခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများအောင်မြင်စေရေး၊ လာမည့် ၂၀၀၅ခုနှစ်တွင် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရည်မှန်းချက်ပြည့်မြောက်ရေးနှင့် ဗီတာမင်'အေ'ဆေးလုံးတိုက်ကျွေးခြင်း လွှမ်းခြုံမှု ဆက်လက်မြင့်မားနေရေးတို့အတွက် များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ထားကြောင်း၊ ထို့ပြင် ယခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများတွင် မိခင်လောင်းများအတွက် သံဓာတ်ဆေးပြား ဖြန့်ဝေပေးခြင်းနှင့် (၅)နှစ်အောက်ကလေးများအတွက် အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ခြင်းပြိုင်ပွဲများ ထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်သည့်အတွက် "ထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များ" (Millennium development goals)တွင် ပါဝင်သည့် (၅)နှစ်အောက်ကလေး အာဟာရချို့တဲ့မှုနှုန်း ကျဆင်းရေးနှင့် မိခင်သေဆုံးမှုနှုန်း ကျဆင်းရေးကြိုးပမ်းမှုများကို များစွာအထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကျေးလက်နေပြည်သူများနှင့် အစွန်အဖျားနယ်စပ်ဒေသက ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးမှုများကို အလေးပေးဆောင်ရွက်ရန် လိုအပ်နေခြင်းကြောင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျစီမံချက်များချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲပြီး ကျေးလက်နှင့် အစွန်အဖျားနယ်စပ်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးပေးဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုဆိုလျှင် မိခင်နှင့်ကလေးငယ်များ သေဆုံးမှုနှုန်းမှာ သိသာထင်ရှားစွာ ကျဆင်းလျက်ရှိနေပြီဖြစ်သည်ကိုလည်း တွေ့ရှိနေရကြောင်း။

သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်ပေးမှုကြောင့် ရေရှားပါးခက်ခဲသော ဒေသများ၊ ကျေးလက်အစွန်အဖျား ဒေသများမှာပါ သန့်ရှင်းသော သောက်သုံးရေများ ရရှိနေကြပြီလည်းဖြစ်ကြောင်း။

ရိက္ခာဝမ်းစာမဖူလုံသေးသည့်ဒေသများတွင် ရိက္ခာဖူလုံမှုရှိလာစေရအောင် ဆည်မြောင်းတာတမံများ တည်ဆောက်ပေးကာ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် နှမ်း၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်နေကြပြီဖြစ်ကြောင်း၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိနေခြင်းကြောင့် စပါးနှင့် အခြားသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ကြပြီး ရိက္ခာဝမ်းစာဖူလုံမှုရာခိုင်နှုန်းများ တိုးတက်ဖြစ်ထွန်းလျက်ရှိနေပြီလည်းဖြစ်ကြောင်း။

ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းလာခြင်းမှာ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်းလူမှုရေး အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့်လည်း ဖြစ်ကြောင်း၊ အထူးသဖြင့် အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်မှုသည် နိုင်ငံတော်အတွက် အလွန်အရေးပါလှသည်ကို ထင်ရှားစေလျက်ရှိကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ မြန်မာနိုင်ငံသူ နိုင်ငံသားများ အထူးသဖြင့် မိခင်များနှင့် ကလေးသူငယ်များ၏ အာဟာရအခြေအနေမြင့်တင်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် တက်ကြွထက်မြက်စွာ ပါဝင်ကြိုးပမ်းဆောင်ရွက်နေကြသည့် နိုင်ငံတော်အစိုးရဌာနများ၊ ကူညီပံ့ပိုးပေးကြသည့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့နှင့် အခြားသော ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ကာလမှ စတင်ပြီး အာဟာရပြည့်စုံလုံလောက်သော ကမ္ဘာကြီးအဖြစ် အမြန်ဆုံးဖြစ်ထွန်းပါစေဟု ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အသက်(၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင်"အေ"ဆေးလုံး တိုက်ကျွေးကြပြီး ကိုယ်ဝန်ဆောင် မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဝေငှကြသည်။

(သတင်းစဉ်)

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာနအဆောက်အအုံ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

ဗီတာမင်'အေ' ဆေးလုံးတိုက်ကျွေး

အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားတွင် အသက်(၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင်'အေ'ဆေးလုံး တိုက်ကျွေးစဉ်။

(သတင်းစဉ်)

ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံတွင် ဗုဒ္ဓအမွေအနှစ်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် စက်တင်ဘာ ၁

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံတွင် ဗုဒ္ဓအမွေအနှစ်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရ အောင်ကို တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အကြံပေးပုဂ္ဂိုလ်ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံတွင် ပြည်ထောင်စုမြန်မာနိုင်ငံရှိ ဗုဒ္ဓအမွေအနှစ် ပစ္စည်းများ၊ ဓာတ်တော်၊ မွေတော်များ၊ ရုပ်ပွားတော်များ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု အမွေအနှစ်ဓာတ်ပုံ၊ ပန်းချီကားများ၊ ဗုဒ္ဓပွင့်ထွန်းရာ ဗုဒ္ဓဂါယာရှိ ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်ဓာတ်ပုံကားချပ်ကြီးများ အပါအဝင် ဗုဒ္ဓယဉ်ကျေးမှုပစ္စည်းများကို ရာစုအလိုက်၊ ခေတ်အလိုက် ခမ်းနားစွာ ခင်းကျင်းပြသသွားမည် ဖြစ်သည်။

(သတင်းစဉ်)

အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

(၁-၉-၂၀၀၄မှ ၇-၉-၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။

အသက်၆-လမှ ၅-နှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ပါ။

အရွယ်ရောက်ပြီးသော အမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ | ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ | သတ္တုတွင်းဝန်ကြီးဌာန

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်(၂၀၀၄) အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၁

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်(၂၀၀၄) အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပမည် ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။ "ဘဝအတွက် ဆန်သည်အသက်" (Rice is Life) ခေါင်းစဉ် သတ်မှတ်ပေးထားသည်။ မြန်မာနိုင်ငံအတွင်း ဆန်စပါးနှင့် ဆက်သွယ်သော လုပ်ငန်းများကို ဓာတ်ပုံရိုက်ကူး ပြိုင်ပွဲဝင်နိုင်သည်။ ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်း၊ တတိယဆုငွေကျပ်တစ်သိန်း၊ နှစ်သိမ့်ဆုငွေ ကျပ်ငါးသောင်းဆုသုံးဆု ချီးမြှင့်မည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးနိုင်သည်။ ဆုရရှိပါက ဖလင်မတောင်းပါ။ မိမိစိတ်ကြိုက် အနုပညာဖန်တီးနိုင်သည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို (၁၀ လက်မ X ၁၂ လက်မ) နှင့် (၁၂လက်မ X ၁၈ လက်မ) အထိ (Print) ပုံဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ အရေအတွက် အကန့်အသတ်မရှိ ပြိုင်ပွဲဝင်နိုင်သည်။ ပြိုင်ပွဲဝင်များအနေဖြင့် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆု အကန့်အသတ်မရှိ ခံစားခွင့်ရှိသည်။ ပြိုင်ပွဲဝင် ဓာတ်ပုံများကို မိမိကိုယ်တိုင် ရိုက်ကူးကြောင်း၊ ပြည်တွင်း ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

ပြိုင်ပွဲဝင် ရောင်စုံဓာတ်ပုံများကို အမှတ်(၂၇/၂၉)၃၅လမ်း(အောက်) မြန်မာနိုင်ငံ ဓာတ်ပုံအသင်းသို့ စက်တင်ဘာ ၃၀ ရက် ညနေ ၅နာရီနောက်ဆုံးထား၍ ပေးပို့ရမည်။ ဆုရအမည်စာရင်းကို လာမည့် အောက်တိုဘာ ၄ရက်တွင် ထုတ်ပြန်ကြေညာမည်။ ဆုရရှိသူများအား အခမ်းအနားဖြင့် ဆုချီးမြှင့်မည်။ ဆုချီးမြှင့်မည့်ရက်ကို ထပ်မံကြေညာမည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများအားလုံးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြပွဲများ ပြုလုပ်မည်ဖြစ်ရာ ဓာတ်ပုံများ ပြန်လည်ပေးအပ်မည် မဟုတ်။ အသေးစိတ်သိရှိလိုပါက အတွင်းရေးမှူး မြန်မာနိုင်ငံဓာတ်ပုံအသင်း- ဖုန်း-၃၇၃၁၆၇သို့ ဆက်သွယ် စုံစမ်းနိုင်သည်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

တစ်ပြည်လုံးတွင် အများအားဖြင့် မိုးလျော့နည်းမည်။



တကောင်းမြို့ အထကကျောင်းဝင်း အတွင်းမှ အရိုးအိုးများ တူးဖော်တွေ့ရှိမှု အရှေ့ဘက်မြင် ဖြတ်ပိုင်းပုံ။ (ယဉ်ကျေးမှု)

တစုတစေးတည်းတွေ့ရှိရသော ပျူအရိုးအိုးများနှင့် ရေတကောင်းများကို သုတေသီများ စုပေါင်းသုတေသနပြုကြစဉ်။ (ယဉ်ကျေးမှု)

တကောင်းမှ ပျူအထောက်အထားများ ထပ်မံတွေ့ရှိ ပျူအရိုးအိုးနှင့် ရေတကောင်း ၆၄အိုး တူးဖော်ရရှိ ရှေးဦးပျူယဉ်ကျေးမှုထွန်းကားရာ ဒေသကြီးအဖြစ် အတည်ပြုနိုင်

ရန်ကုန် စက်တင်ဘာ ၁

သာသနာဝင်ကျမ်းများ၊ မြန်မာရာဇဝင်ကျမ်းများ၊ မြန်မာစာပေသမိုင်း မော်ကွန်းမှတ်တမ်း၊ ချေင်းများနှင့် ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိမှု အထောက်အထားများကိုအခြေခံလျက် ၂၀၀၃ ခုနှစ်မှစ၍ တကောင်းဒေသ၌ သုတေသနပြုစူးစမ်းလေ့လာမှုနှင့် တူးဖော်ရှာဖွေမှုလုပ်ငန်းများကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာန ဝန်ထမ်းများနှင့် သုတေသီများပူးပေါင်းလျက် ဖိဖိစီးစီးဆောင်ရွက်ခဲ့ရာ ဩဂုတ်လအတွင်းက တကောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း အရှေ့တောင်ထောင့်၌ ကျင်းအမှတ်(၁)နှင့်(၂) တို့ကိုတူးဖော်ခဲ့ရာ အမှတ်(၁)ကျင်းမှ ပျူအရိုးအိုးနှင့် ရေတကောင်း ၂၃လုံးကိုလည်းကောင်း၊ အမှတ်(၂)ကျင်းမှ ပျူအရိုးအိုးနှင့် ရေတကောင်း ၁၂လုံးကိုလည်းကောင်း တစုတစေးတည်း တွေ့ရှိခဲ့သည်။ ထိုသို့တွေ့ရှိတူးဖော်ရရှိခြင်းမျိုး ယခင်က တစ်ကြိမ်မျှ ကြုံကြိုက်ခဲ့ဖူးခြင်းမရှိဟု သိရသည်။

ရှေးဟောင်း တကောင်းမြို့မှ ပျူအရိုးအိုးနှင့် ရေတကောင်း စုစုပေါင်း ၆၄အိုးကို တစုတစေးတည်း တူးဖော်ရရှိစဉ်။ (ယဉ်ကျေးမှု)

ထိုတွေ့ရှိမှုများကို အခြေခံ၍ မူလကျင်းမှ အရှေ့နှင့် မြောက်ဘက်နေရာများသို့ ရှေးဟောင်းသုတေသန ဦးစီးဌာန (အထက်မြန်မာပြည်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမောင်၊ ဦးဇင်ဦးပဏ္ဍိတနန္ဒ (ဦးမင်းဟန်)၊ တမ္ပဝတီ ဦးဝင်းမောင်၊ ဦးတင်ဝင်းဦးနှင့် ထိန်းသိမ်းရေးမှူး ဦးအေးလွင်တို့က ဆက်လက်တူးဖော်ရာ ကျင်းအမှတ်(၃)မှ ပျူအရိုးအိုးနှင့် ရေတကောင်း ၂၁လုံးကိုလည်းကောင်း၊ ကျင်းအမှတ်(၄)မှ ပျူအရိုးအိုးနှင့် ရေတကောင်း ရှစ်လုံးတို့ကိုလည်းကောင်း ထပ်မံတူးဖော်ရရှိရာ တွေ့ရှိရသော ပျူအရိုးအိုးနှင့် ရေတကောင်း စုစုပေါင်းသည် ၆၄အိုးရှိသည်။ ကျင်းအမှတ်(၃)ပျူအရိုးအိုးများ၏ အောက်တွင် လက်စင်းရာပါသော အုတ်အချို့ကိုလည်း တွေ့ရှိရသည်။

ဤ အထောက်အထား များအရ တကောင်းဒေသသည် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာစသော ပျူရှေးဟောင်း မြို့တော်ကြီးများကဲ့သို့ ရှေးဦး ပျူတိုင်းရင်းသားများ၏ ယဉ်ကျေးမှုထွန်းကားရာ ဒေသကြီးဖြစ်ကြောင်း အတည်ပြု လက်ခံနိုင်သည်။ ယခုတွေ့ရှိမှုများသည် သုတေသန ပညာရှင်များအတွက် အလွန်တန်ဖိုးကြီးမားသော သမိုင်းအထောက်အထားများ ဖြစ်သည်။

(သတင်းစဉ်)



ရှေးဟောင်း တကောင်းမြို့မှ ထပ်မံတွေ့ရှိရသော ပျူအရိုးအိုးများနှင့် ပျူရေတကောင်းအချို့ကို တွေ့ရစဉ်။ (ယဉ်ကျေးမှု)

ဘိန်းညိုမှုန့် ၅၅ထုပ် ဖမ်းဆီးရမိ

ရန်ကုန် စက်တင်ဘာ ၁

နယ်မြေခံထောက်လှမ်းရေးတပ်နှင့် လားရှိုးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ရက်တွင် သတင်းအရ သိန်းနီမြို့နယ် ရေပူကန့်သတ်ကုန် စစ်ဆေးရေးစခန်း၌ ယာဉ်များကို စစ်ဆေးရှာဖွေရာ လားရှိုးမှမူဆယ်သို့သွားမည့် ယာဉ်မောင်း နွေဝင်းထိုက်(ခ) ကျော်အောင်(ခ)ညီညီနှင့် မတင်ကြွေလျှန်တို့ လိုက်ပါလာသော ဟိုက်လက် အဖြူရောင် ယာဉ်အမှတ်(ဘ/၅၅၂၂)ကို စစ်ဆေးရှာဖွေရာ ယာဉ်နောက်ပိုင်းကိုယ်ထည်ကြမ်းခင်း၌ အံဝှက်ပြုလုပ်သယ်ဆောင်လာသည့် ဘိန်းညိုမှုန့် ၅၅ထုပ် စုစုပေါင်း အလေးချိန် ၅၁ကီလို ဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ရန်ကုန်မြို့ (၈)မိုင် ဂျမ်းရှင်းအိမ်ရာ အမှတ်(၇၀၉)နေ ဦးရင်ဖို၏ သား နွေဝင်းထိုက်(ခ)ကျော်အောင်(ခ)ညီညီနှင့် ကွတ်ခိုင်မြို့နယ် တာမိုးညဲကျေးရွာနေ ဦးထင်ရှင်လင်း၏သမီး မတင်ကြွေလျှန်တို့အား လားရှိုးအမှတ်(၁)ရဲစခန်းမှ မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၁၃၁/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က)/၂၁အရ အမှုဖွင့်အရေးယူထားသည်။ (သတင်းစဉ်)

ဆဲဗင်းဒေးစ်နယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၂၄)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာ့ပုလဲများ ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရန် စီစဉ်နေ၊ တနင်္သာရီတွင် ပုစွန်ကန်ငါးရာဖော်ထုတ်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များကို လွှဲပြောင်းလုပ်ကိုင်စေမည်၊ အင်းတကော် မြန်မာ-တရုတ် ရော်ဘာပျိုးခင်း စီမံကိန်းအတွက် တရုတ်နိုင်ငံက ယွမ်တစ်သိန်းခွဲဖိုးခန့်ရှိ စက်ပစ္စည်းများကူညီ၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်နှင့် တွေ့ဆုံခြင်းစသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အနီအောက်ရောင်ခြည်သုံး ညကြည့်စနစ် ဟွန်ဒါကားများတွင် တပ်ဆင်မည်၊ အသက်သုံးဆယ်ကျော် ဆေးလိပ်စွဲသူများ နှလုံးကို ငါးဆထိခိုက်နိုင်၊ မိုက်တီးမောက်စ် မာရသွန်ကြွက်မျိုးဗီဇပြုပြင်နည်းဖြင့် ဖန်တီးနိုင်ပြီ၊ ဆရာဝန် အတော်များများ စိတ်ပန်းကိုယ်ပန်းဖြစ်တတ်စသည့် နိုင်ငံတကာရေးရာသတင်း ဆောင်းပါး ဝေဝေဆာဆာဖြင့် e- Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးကို ဖြန့်ချိလိုက်သည်။ (က-ပ)

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျင်းပမည့် "အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့"ကို ဂုဏ်ပြုသောအားဖြင့် ပရဟိတဘိုးဘွားရိပ်သာ၄၁ခုနှင့် လူငယ်သင်တန်းကျောင်း၄ကျောင်းတို့သို့ ငွေလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် တာဝန်ရှိသူများ၊ ပရဟိတ ဘိုးဘွားရိပ်သာများမှ အုပ်ချုပ်ရေးမှူးများ၊ တာဝန်ခံများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ဦးသိန်းရွှေ၊ ဒေါ်လှအေး မိသားစုကိုယ်စား ပဲခူးတိုင်း သုံးဆယ်မြို့နေ သားဖြစ်သူ သီဟသုဓမ္မမဏိဇောတဓရ သီရိသုဓမ္မ မဏိဇောတဓရ ဦးခင်မြင့်က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပရဟိတ ဘိုးဘွားရိပ်သာ ၄၁ခုသို့ အလှူငွေကျပ် ၄၁ သိန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်း၄ကျောင်းသို့ အလှူငွေကျပ်၁၀သိန်း စုစုပေါင်းအလှူငွေကျပ်၅၁သိန်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ (သတင်းစဉ်)

ဦးသိန်းရွှေ-ဒေါ်လှအေးမိသားစုက ဘိုးဘွားရိပ်သာများနှင့် လူငယ်သင်တန်းကျောင်းများသို့ အလှူငွေကျပ် ၅၁သိန်း ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(လူမှုဝန်ထမ်း)

ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာနမှ အဖွဲ့ဝင်ခြောက်ဦး ပါဝင်သည့် လေ့လာရေးအဖွဲ့ ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်လေ့လာကြစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံမှ လေ့လာရေးအဖွဲ့ ရန်ကုန်မြို့တွင်း လှည့်လည်လေ့လာ

ရန်ကုန် စက်တင်ဘာ ၁

ထိုင်းနိုင်ငံပြည်သူ့ဆက်ဆံရေးဌာနမှ အဖွဲ့ဝင်ခြောက်ဦး ပါဝင်သည့် လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံတွင်လေ့လာရန် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့်ရောက်ရှိလာသည်။

အဆိုပါလေ့လာရေးအဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး(စီမံ)ဦးဘုန်းမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့သွားရောက်လေ့လာကြရာ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ထုတ်လွှင့်မှု အခြေအနေများကို လှည့်လည်လေ့လာကြရာ တာဝန်ရှိသူများက ဌာနအလိုက်ရှင်းလင်းပြသကြသည်။

လေ့လာရေးအဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် ပြည်လမ်းရှိ အမျိုးသားပြတိုက်တို့ကို သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

လေ့လာရေးအဖွဲ့သည် ညနေပိုင်းတွင် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။(သတင်းစဉ်)

အောင်ဘာလေထီ ကံထူးရှင်များ

ရန်ကုန် စက်တင်ဘာ ၁

(၁၈၈) ကြိမ်မြောက် ကျပ်၅၀တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း ၃၀၀ အထူးဆု

က-၂၃၅၇၄၁

ကျပ်သိန်း ၅၀ ဆုများ

ဒ-၂၀၂၆၁၈
၎-၆၉၅၀၁၂
က-၁၁၈၀၃၃
ဗ-၁၂၁၇၂၄
တ-၄၈၇၀၇၁
ပ-၈၈၀၃၃၀
ဓ-၃၅၅၁၈၀
စ-၉၁၉၀၅၉
ပ-၄၅၀၇၆၅
စ-၁၃၅၅၂၀
ည-၇၄၂၃၀၀
ဏ-၇၉၄၅၂၃

ကျပ် ၂၅ သိန်းဆုများ

ဟ-၈၄၃၈၂၂
၎-၁၅၀၇၅၇
ဆ-၆၅၃၇၆၃
ကက-၂၂၀၃၃၀
သ-၉၀၇၉၆၆
ဆ-၆၅၀၉၂၂
ဋ-၅၇၀၃၉၉
ခ-၃၁၈၇၈၅
လ-၄၄၇၄၂၉
ဈ-၅၇၀၄၄၅
တ-၇၆၉၀၃၆
ဘ-၈၃၉၇၁၁
၎-၇၂၀၃၇၁

ကျပ်သိန်း၁၀ (မင်္ဂလာစုံတွဲ)

ယ-၅၉၃၃၉၅
စ-၈၀၈၁၈၅
ဓ-၄၇၃၈၀၈
ကခ-၄၀၅၀၀၉
ကခ-၈၈၆၈၃၂
ဂ-၈၀၂၃၈၂
ဎ-၄၇၁၈၈၆
ဎ-၂၁၂၁၁၄
ဓ-၉၀၉၀၀၁
ရ-၅၈၉၅၃၄
ဗ-၃၇၃၁၅၇
ဖ-၁၂၆၈၃၂
န-၉၉၂၂၇၄
ဓ-၄၃၉၁၁၄
စ-၉၉၀၄၆၁
ဖ-၈၅၁၅၀၅
က-၃၈၇၅၈၀
ကက-၆၄၉၃၂၆
တ-၈၆၉၇၈၄

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ် အစည်းအဝေးကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ် အစည်းအဝေးကို စက်တင်ဘာ ၁၈ ရက် (စနေနေ့) နံနက်၁၀ နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ တိုင်းနှင့်ပြည်နယ်များမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

(သတင်းစဉ်)

သာကေတမြို့နယ် အထက(၁) ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၈ ရက်က မြဝတီခန်းမ၌ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရရှိသူ မနှင်းအိဇာအား ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ သာကေတမြို့နယ် (၃)ရပ်ကွက် မာန်ပြေအရှေ့(၉)လမ်း အမှတ်(၃၇၃)နေ မိဘများဖြစ်ကြသော ဦးချစ်စိန်၊ဒေါ်သန်းတင်တို့အား ရည်စူး၍ သားသမီးများဖြစ်သော ဒေါ်လှတင်၊ ဦးတင်ဝင်း၊ ဦးအုန်းမြင့်၊ ဦးဝင်းလှိုင်၊ ဒေါ်ကျင်မြိုင်မောင်နှမတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ဩဂုတ်၂၉ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။**
- **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**
- **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။**
- **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။**

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ပေ မီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံ တစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

အင်းစိန်မြို့နယ် အမက(၃၉)၏ မိဘဆရာအသင်း နှစ်ပတ်လည် ညီလာခံနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပရာ ကျောင်းအဆင့်၊ အုပ်စုအဆင့်၊ မြို့နယ်အဆင့် ဘာသာစုံပထမဆုရ မသီရိကေသွယ်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းဆုချီးမြှင့်စဉ်။ (၆၂)

သံလွင်တံတားမော်လမြိုင် ရထားသံလမ်းခင်းခြင်းနှင့် ချဉ်းကပ်ရထားလမ်း တည်ဆောက်ခြင်းလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဩဂုတ် ၂၉ ရက် နံနက်ပိုင်းတွင် ပဲခူးဘူတာမှ ဝေါတံတားသို့ DRC (၁၀၁) အထူးရထားငယ်ဖြင့် ရောက်ရှိပြီး တံတား၌ ခင်းပျဉ်များ လဲလှယ်ရေး၊ တံတားကြံ့ခိုင်မှု မပြတ်စစ်ဆေးထိန်းသိမ်းရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စစ်တောင်းတံတားသို့ရောက်ရှိပြီး တာဝန်ရှိသူများအားတွေ့ဆုံ၍ ရထားများ အချိန်မှန်ပြေးဆွဲရေး၊ ရထားလမ်း တစ်လျှောက်နှင့် လမ်းဘေးဝဲယာ သန့်ရှင်းမှုရှိစေရေး၊ ရထားလမ်းနှင့် တံတားများ ကြံ့ခိုင်မှုကို နယ်မြေအလိုက် တာဝန်ရှိသူများ ကိုယ်တိုင် မပြတ်စစ်ဆေးရေး၊ တံတားများတွင် ရေကင်းချထားဆောင်ရွက်ရေး၊ ရထားမတော်တဆမှု မဖြစ်ပွားရေးအတွက် စက်မှုပိုင်း၊ သွားလာရေးပိုင်းနှင့် သံလမ်းပိုင်း တာဝန်ရှိသူများက စစ်ဆေးကြပ်မတ်ရေးတို့မှာကြားကာ တံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

မှာကြား

ဆက်လက်၍ ကျိုက်ထိုဘူတာနှင့် သထုံဘူတာသို့ ရောက်ရှိစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် သံလွင်တံတား (မော်လမြိုင်)သို့ ရောက်ရှိပြီး မုတ္တမဘက်ကမ်းရှိ ရထားချဉ်းကပ်လမ်း ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ တံတား၌ ရထား သံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး အချိန်မီ ပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းမှု ဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဖြည့်စွက်တင်ပြ

ဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၃၀ ရက် နံနက်ပိုင်းတွင် သံလွင်တံတား (မော်လမြိုင်)ချဉ်းကပ် ရထားလမ်း တည်ဆောက်ရေး စီမံကိန်းရုံးသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက မုတ္တမဘက်ကမ်းနှင့် မော်လမြိုင် ဘက်ကမ်း ရထားချဉ်းကပ်လမ်းများ လမ်းအုကြောင်း လျှာထားဆောင်ရွက်မှုနှင့် ကားလမ်းကျော်တံတား ပါဝင်မှု၊ ရထား သံလမ်းခင်းခြင်းနှင့် အရန်ပစ္စည်း စုဆောင်းရရှိမှု၊ ဆက်လက်တည်ဆောက်သွားမည့် မော်လမြိုင်ဘူတာရုံသစ်ကြီးနှင့် ဘူတာယာဒ်ဝင်းအတွင်း ခင်းကျင်းမည့် ရထားလမ်းများ ပုံစံတို့ကို အသေးစိတ် ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်တင်ပြသည်။

ထို့နောက် ဝန်ကြီးက သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ပြီးစီးသည့်အခါ ရန်ကုန်မှ ထားဝယ်သို့ နေ့ချင်းပေါက် သွားနိုင်အောင် ရည်မှန်း ထားရှိရေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ (သတင်းစဉ်)

ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁

ပဲခူးတိုင်း (အနောက်ပိုင်း)ပြည်ခရိုင် ပေါင်းတည်မြို့တွင် (၁၀၄) ကြိမ်မြောက် (၁၀၇)နှစ်ပြည့် ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်အပူဇော်ခံ ပွဲတော်ကို စက်တင်ဘာ ၂၅ရက်မှ စက်တင်ဘာ ၂၉ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထိုသို့ကျင်းပရာတွင် စက်တင်ဘာ ၂၅ရက် နံနက် ၅နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်ရတနာကို နှစ်ပတ်လည်စံမြန်းရာ ဂန္ဓကုဋိတိုက်တော်အတွင်း၌ ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပပူဇော်ပြီး ညနေ ၄နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်ရတနာကို နှစ်ပတ်လည်စံမြန်းရာ ဂန္ဓကုဋိတိုက်တော်မှ အပူဇော်ခံရာ ရွှေကျောင်းဆောင်တော်ပေါ်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ပူဇော်မည်ဖြစ်သည်။

စက်တင်ဘာ ၂၆ရက် မွန်းလွဲ ၁နာရီတွင် ဗုဒ္ဓမြတ်စွယ်တော် ရတနာကို အပူဇော်ခံရာ ရွှေကျောင်းဆောင်ပေါ်မှ ရတနာဆင်တော်ပေါ်သို့ ပင့်ဆောင်ပြီး ယိမ်း၊နိပါတ်ဘာသာရေး၊ သာသနာရေးအဖွဲ့အစည်းများ လိုက်ပါခြံရံလျက် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံမည်ဖြစ်သည်။

စက်တင်ဘာ ၂၇ရက် နံနက် ၈နာရီတွင် ဗုဒ္ဓမြတ်စွယ်တော် ရတနာကို အပူဇော်ခံရာ ရွှေကျောင်းဆောင်တော်ပေါ်တွင် စိန်ကြုတ်တော်ပေါ်မှ ဖွင့်လှစ်၍ စက်တင်ဘာ ၂၈ရက် (တော်သလင်းလပြည့်နေ့) ည ၁၀နာရီအထိ အပူဇော်ခံထားရှိမည်ဖြစ်သည်။

တော်သလင်းလပြည့်နေ့ည ၁၀နာရီတွင် အပူဇော်ခံရာ ရွှေကျောင်းဆောင်တော်ပေါ်မှ နှစ်ပတ်လည် စံမြန်းရာ ဂန္ဓကုဋိတိုက်ပေါ်သို့ အခမ်းအနားဖြင့် ပြန်လည်ပင့်ဆောင်မည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ပသာသနာပြုခရီးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရ တပ်ဦးကျောင်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၇၇) ပဓာနနာယက မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရအရှင်သူမြတ်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့ လောကချမ်းသာ ဘုရားကျောင်းတွင် ဇွန် ၅ ရက်မှ ၁၄ ရက်အထိ၊ နယူးဂျာစီမြို့ မဟာစည်သတိပဋ္ဌာန် ရိပ်သာတွင် ဇွန် ၁၇ ရက်မှ ၂၀ ရက်အထိ၊ ကနေဒါနိုင်ငံတွင် ဇွန် ၂၃ ရက်မှ ၂၈ ရက်အထိ၊ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် အဇူဇာမြို့ ဗြဟ္မဝိဟာရကျောင်း၌ ဇူလိုင် ၅ ရက်မှ ၁၅ ရက်အထိ၊ ရေးဗားဆိုက်မြို့ သန္တိသစ္စာဓမ္မာရုံတွင် ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ၊ ဖီလာဒယ်လ်ဖီးယားမြို့ တရားစခန်းတွင် ဩဂုတ် ၄ ရက်မှ ၆ ရက်အထိ၊ ဝါရှင်တန်မြို့ မြန်မာသံရုံးတွင် ဩဂုတ် ၁၀ ရက်မှ ၁၁ရက်အထိ၊ နယူးယောက်မြို့ လောကချမ်းသာဘုရားကျောင်းတွင် ဩဂုတ် ၂၁ ရက်၌ မိုးကုတ်ဝိပဿနာတရားစခန်းများဖွင့်လှစ်၍ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်တရားများကို ဟောကြားပြသတော်မူပြီး ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိတော်မူကြောင်း သိရသည်။ (က-ပ)

ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအား အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပို့ဆောင်ရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအား အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၃၁ရက် မွန်းလွဲ ၂ နာရီတွင် ပို့ဆောင်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းတက်ရောက်ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာ ဒေါ်စန်းရွှေနှင့် ဒေါ်ကြူကြူ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၏ဇနီး ဒေါ်စန်းစန်းမြင့်၊ အထူးအရာရှိ၏ဇနီး၊ ဌာနအကြီးအကဲများနှင့်ဇနီးများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အမျိုးသမီး အရာထမ်း အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ နောက်ခံသမိုင်း၊ ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစီမံချက် ၁၆ ချက်တို့ကို ရှင်းလင်းဟောပြောပြီး အဖွဲ့ဝင်အဖြစ် မိမိသဘောဆန္ဒအလျောက် ပါဝင်နိုင်ကြောင်း၊ အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့ ဆောင်ပုဒ်နှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဝန်ကြီး၏ဇနီး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်စန်းစန်းမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပို့ဆောင်ရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် ၂၀၀၀၀၀ကို ပေးအပ်ရာ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဩဂုတ် ၂၃ ရက်က နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးမြိုင်နှင့် ဝန်ထမ်းများ မြို့သာယာလှပရေး လမ်းဘေး ဝဲ/ယာ ပန်းအလှပင် ၃၅၀၀ အား နတ်မောက်-ပျော်ဘွယ်လမ်းတစ်လျှောက် စိုက်ပျိုးကြစဉ်။ (က-ပ)

၂၀၀၄ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေး ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ဆုရသူများစာရင်းထုတ်ပြန်

ရန်ကုန် စက်တင်ဘာ ၁

၂၀၀၄ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့်ပိုစတာပြိုင်ပွဲ ဆုရရှိသူများစာရင်းကို သက်ဆိုင်ရာက ဩဂုတ်၃၁ရက်ထုတ်ပြန်ကြေညာသည်။ ဆောင်းပါးပြိုင်ပွဲကို "လူတိုင်းအတွက် ပညာရေး" ခေါင်းစဉ်ဖြင့်ကျင်းပရာ ပထမဆုကို စစ်ကိုင်းတိုင်း ကလေးတက္ကသိုလ်မှ မဟာဝိဇ္ဇာတန်း(က)မြန်မာစာအထူးပြု မောင်ဇော်လင်းက လည်းကောင်း၊ ဒုတိယဆုကို အထက(၂)လသာမှ အထက်တန်းပြ ဒေါ်ခင်မာကြည် (ခင်ခင်ကျော်-ပညာရေး)ကလည်းကောင်း၊ တတိယဆုကို ရန်ကုန်ပညာရေးတက္ကသိုလ်မှ စတုတ္ထနှစ်(ဘီအီးဒီ)မအေးမြခိုင်ကလည်းကောင်း ရရှိကြသည်။

ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲကို "စာမတတ်သူ တို့ဝိုင်းကူ" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ပထမဆုကို တောင်ငူပညာရေးကောလိပ်မှ လုပ်ခွင်အကြို ဒုတိယနှစ်(၇/၀၂) မကေဇင်ဦးကလည်းကောင်း၊ ဒုတိယဆုကို မော်လမြိုင်ပညာရေးကောလိပ်မှ လုပ်ခွင်အကြို ဒုတိယနှစ် (၇/၀၂) မသူသူစိုးကလည်းကောင်း၊ တတိယဆုကို ပုသိမ်ပညာရေးကောလိပ်မှ လုပ်ခွင်အကြို ဒုတိယနှစ် (၇/၀၂)မအိမိုဇာမြင့်က လည်းကောင်းရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို "လူတိုင်းစာတတ်ရမည်" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ပထမဆုကို အထက(၁)ပြည်မှ နဝမတန်းကျောင်းသူ မတိုးပြည့်သန္တာကလည်းကောင်း၊ ဒုတိယဆုကို အထက မြစ်သားမှ နဝမတန်းကျောင်းသား မောင်ဇာနည်ဟိန်းက လည်းကောင်း၊ တတိယဆုကို အထက(၁)ဘားအံမှ နဝမတန်းကျောင်းသူ နန်းပွင့်ရွှေရည်ဖူးကလည်းကောင်း ရရှိကြသည်။ အခြေခံပညာအလယ်တန်းအဆင့် ပိုစတာပြိုင်ပွဲကို "လူတိုင်းစာတတ်မြောက်ရေး လူတိုင်းအရေး" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ပထမဆုကို အထက(၂)ကျောက်တန်းမှ ပဉ္စမတန်းကျောင်းသား မောင်သက်မိုးနိုင် ကလည်းကောင်း၊ ဒုတိယဆုကို အထက(၃)ပဲခူးမှ သတ္တမတန်းကျောင်းသူ မအိမွန်ကျော်ကလည်းကောင်း၊ တတိယဆုကို အလက(၃)မြိတ်မှ ပဉ္စမတန်းကျောင်းသူ မဇင်ဖူးဝေကလည်းကောင်း ရရှိကြသည်။ ပြိုင်ပွဲများတွင် ဆုရရှိသူအားလုံးသည် စက်တင်ဘာ ၆ရက်နောက်ဆုံးထား၍ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ပြည်တွင်းသင်တန်း) ဦးသောင်းရွှေ ဖုန်း-၅၅၆၃၈၈ထံ မပျက်မကွက် သတင်းပေးပို့ကြရမည်ဖြစ်သည်။ (သတင်းစဉ်)

နမ့်ခမ်းမြို့နယ်ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁

နမ့်ခမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရပ်ကွက်ကျေးရွာအုပ်စု ၁၄ သင်း မိုးရာသီဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဩဂုတ် ၂၄ ရက်က မြို့နယ်အားကစားကွင်းတွင်ကျင်းပရာ ပေါက်နေရပ်ကွက်အသင်းက ဟိုနောင် ရပ်ကွက်အသင်းကို ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက ပေါက်နေ အသင်းအား ဆုငွေကျပ် တစ်သိန်းနှင့် ဆုဖလား၊ ဒုတိယဆုရ ဟိုနောင်ရပ်ကွက်အသင်းအား ဆုငွေကျပ် ၇၅၀၀၀ နှင့် ဆုဖလား၊ တတိယဆုရ နောင်ပို အသင်းအား ငွေသားကျပ် ၅၀၀၀၀ နှင့် ဆုဖလား အသီးသီး ချီးမြှင့်သည်။

(မြို့နယ်ပြန်/ဆက်)

ကစ်ချီးအသင်းနှင့်ခြေစမ်းရန် ဘဏ္ဍာ/အခွန် ၃၂ဦးရွေးထား

လူဟောင်းများ၊ လက်ရွေးစင်များနှင့် လူငယ်များပါဝင်

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၁

စက်တင်ဘာ ၂ရက်(ယနေ့)ညနေတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ အဆင့်မြင့်တန်း အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ဟောင်ကောင်ကလပ် Kitchee အသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဧည့်သည် Kitchee အသင်းမှာ ဘဏ္ဍာ/အခွန်အသင်းနှင့် ပွဲမတိုင်မီ ချစ်ကြည်ရေးနှစ်ပွဲကစားပြီး ဖြစ်ရာ မြန်မာဘောလုံး ပရိသတ်တို့ ဟောင်ကောင်အသင်း ခြေစွမ်းခြေစကို တွေ့မြင်ကြပြီး ဖြစ်သည်။ ဟောင်ကောင်အသင်းမှာ ဆုကြေးစားဘောလုံးသမား အများအပြားနှင့် လက်ရွေးစင်ကစားသမားအချို့ ပါဝင်လာသော်လည်း ပထမခြေစမ်းပွဲ နှစ်ပွဲတွင် အကောင်းဆုံး ခြေစွမ်းထုတ်မပြနိုင်သေးပေ။

စိတ်ဓာတ်အပြည့်ဖြင့်အနိုင်ရအောင်ကြိုးစားကစားမည်ဟု ပြောဆိုသွားသည့် ဘဏ္ဍာ/အခွန်အသင်း အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မည်သို့ပင်ဆိုစေ ယနေ့ကစားမည့် ဘဏ္ဍာ-အခွန်နှင့် Kitchee အသင်းတို့၏ပွဲသည် ပွဲကောင်းတစ်ပွဲ ဖြစ်လာပေလိမ့်မည်။ အဆင့်မြင့်တန်းထိပ်သီး ဘောလုံးအသင်းနှင့် ဟောင်ကောင်ဆုကြေးစားထိပ်သီး ကလပ်အသင်းတို့ အားပြိုင်ကြမည့်ပွဲပင် ဖြစ်သည်။

ချစ်ကြည်ရေး ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည့် ဘဏ္ဍာ-အခွန်အသင်းအား ကြေးမုံကသိလိုသည်များကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ယနေ့ကစားမည့် Kitchee အသင်းနှင့် ခြေစမ်းပွဲအတွက် အသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင်နှင့် နည်းပြချုပ် ဦးမြင့်ကြူးတို့က ကြေးမုံသို့ ဤသို့ရှင်းပြသည်။

ပြင်းပြင်းထန်ထန်လေ့ကျင့်

အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က "မိမိတို့အသင်းအနေဖြင့် ယခုချစ်ကြည်ရေးခြေစမ်းပွဲအတွက် ပြင်းပြင်းထန်ထန်လေ့ကျင့်ထားပါကြောင်း၊ အကောင်းဆုံးဖြစ်အောင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း၊ ပထမ ၁၁ယောက်ကို လက်ရွေးစင်ကစားသမား အများစုဖြင့် အခြေမခံဘဲ အသင်းကစားကွက်နှင့်အံဝင်သူများကိုသာဦးစားပေးပွဲထုတ်သွားမည်ဖြစ်ကြောင်း၊ ထို ၁၁ယောက်ထဲတွင် လူဟောင်းကြီးများ၊ လက်ရွေးစင်ကစားသမားများ၊ သက်တန်းအလိုက် လူငယ်လက်ရွေးစင်များပါ ပါဝင်မည်ဖြစ်ကြောင်း၊ အသင်းကစားကွက်အနေဖြင့် ၄-၁-၃-၂၊ ၄-၄-၂ ကစားကွက်များကို အခြေခံပြီး ကစားမည်ဖြစ်ကြောင်း၊ Kitchee အသင်းမှာ ပထမနှစ်ပွဲအရ ခြေမှာပုံမှန်မရှိကြောင်း၊ Kitchee အသင်း၏ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သူတို့အသင်းသည် အမှတ်ပေးချန်ပီယံ မိမိတို့အသင်းနှင့် လက်ရွေးစင် အသင်းကို အဓိကထားကစားမည်ဟု သိရကြောင်း၊ ထို့အတွက် ၎င်းတို့၏ခြေမှန်ကို မြင်ရမည်ထင်ကြောင်း၊ ယနေ့ကစားမည့်ပွဲမှာ ၎င်းတို့အသင်းခြေမှန်နှင့် မိမိတို့အသင်း ခြေမှန်ပြိုင်ရမည့်ပွဲဖြစ်ကြောင်း၊ ပထမ နှစ်ပွဲအရ Kitchee အသင်းမှာ ကွဲခိုင်မှု နည်းသော်လည်း အဝေးဘော တိကျပြီး ဘောလုံးကစားရာတွင် ကျွမ်းကျင်မှုရှိကြောင်း၊ မိမိတို့အသင်းမှာ အနေအထားရှိပါကြောင်း၊ အသေအချာပြင်ဆင်ထား၍ အားရမိကြောင်း၊ ပြီးခဲ့သည့်နှစ်ပွဲအပေါ် သုံးသပ်ရမည်ဆိုလျှင် Kitchee အသင်းကို မိမိတို့ အနိုင်ရဖို့များကြောင်း၊ သို့သော်တစ်ဖက်အသင်းက ဆုကြေးစားအသင်းဖြစ်၍ ဘယ်လိုကစားမလဲဆိုတာ မသိရကြောင်း၊ မိမိတို့က စိတ်ဓာတ်အပြည့်ဖြင့် အနိုင်ရအောင် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

နည်းပြချုပ် ဦးမြင့်ကြူးက "မိမိတို့အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲအတွက် ပြင်ဆင်နေရင်းမှ Kitchee အသင်းနှင့် ခြေစမ်းရခြင်းဖြစ်ကြောင်း၊ ယခုလိုပြင်ဆင်နေရင်း နိုင်ငံတကာခြေစမ်းပွဲ ကစားခွင့်ရသည့်အတွက် များစွာ အထောက်အကူရပါကြောင်း၊ ပြီးခဲ့သည့်နှစ်ပွဲအရ Kitchee အသင်းမှာ အမှန်တကယ်ခြေလား၊ လာမည့်

ယနေ့ပွဲတွင် နှစ်သင်းစလုံး နိုင်ခြေ ၅၀ရာခိုင်နှုန်းစီရှိကြောင်း ပြောကြားသွားသူ ဘဏ္ဍာ/အခွန်အသင်း နည်းပြချုပ် ဦးမြင့်ကြူး။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရာသီအတွက် ပြင်ဆင်နေ၍ လူအထိုင်မကျသေးတာလား၊ အားကုန်ထုတ်မကစားတာလား ဆိုတာကိုမသိရသေးကြောင်း၊ Kitcheeအသင်းမှာ ကစားကွက်ကောင်းပြီး ဘောလုံးဖြန့်တာလည်းတိကျကြောင်း၊ ကျွမ်းကျင်မှုလည်းရှိကြောင်း၊ သို့သော်လူကောင်ထွားသည့်အတွက် အထနှေးကြောင်း၊ ထူးထူးချွန်ချွန် ကစားနိုင်တဲ့သူမရှိသလိုလျင်မြန်မှု၌လည်း ကစားခဲ့ဖူးသည့် ဂျပန်နှင့် တရုတ်မှ ကစားသမားများကို မမီကြောင်း၊ နိုင်ခြေအားဖြင့် ရာခိုင်နှုန်းတူရှိကြောင်း၊ မိမိတို့အသင်းအနေဖြင့် အကောင်းဆုံး ဖြစ်အောင်ကြိုးစားကစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

ဘဏ္ဍာ/အခွန်အသင်းတွင် ဂိုး- အောင်အောင်ဦး၊ ဟိန်းဇေယျာကျော်၊ ဇော်မျိုးလတ်၊ ထိန်လင်း၊ နောက်တန်း- စိုးမြတ်မင်း၊ စိုးလင်းထွန်း၊ မိုးကျော်သူ၊ အောင်ကျော် မြင့်၊ အောင်ဟိန်းလတ်၊ မင်းမင်းအောင်၊ သန်းဝေ၊ အောင်ထွန်းလင်း၊ သူရအောင်၊ ဇင်မင်းဦး၊ လင်းလင်းဦး အလယ်တန်း- လွင်ဦး၊ အောင်ကျော်မိုး၊ ကျော်သူရ၊ ထွန်းထွန်းဝင်း၊ အောင်လင်း ထွန်း၊ ကျော်ကျော်စိုး၊ ထွန်းထွန်းဇော်၊ ဘိုဘိုဖြိုး၊ ကိုကိုနိုင်၊ ဇုတ်ဟောင်း၊ စည်သူအောင်၊ ရှေ့တန်း- မျိုးလှိုင်ဝင်း၊ ဝင်းအောင်၊ ဇော်ထိုက်၊ ရန်ပိုင်၊ အေးမင်းထွန်းနှင့်ဇေမောင်မောင် ၃၂ဦးပါဝင်ကြသည်။ (ကြေးမုံ)

အသက် (၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)

တင်းနစ်ပြိုင်ပွဲအတွက် လူရွေးပွဲယှဉ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၁

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲအတွက် လူရွေးပွဲကို သိမ်ဖြူတင်းနစ်ကွင်းတွင် ယနေ့နံနက် ၈နာရီခွဲက ကျင်းပသည်။

အဆိုပါလူရွေးပွဲတွင် စခန်းသွင်းလေ့ကျင့်ပေးထားသည့် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့မှ အားကစားမောင်မယ်များနှင့် ဝါသနာရှင်ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

အမျိုးသားပြိုင်ပွဲတွင် ဟိန်းထက်ဝင်းက မိုးသော်နိုင်ကို (၆-၀) (၆-၀)၊ ဝေယံကျော်က အောင်ကိုဦးကို (၃-၆) (၆-၄) (၆-၂)၊ တင်မျိုးဝေက အောင်ဇေယျာဖြိုးကို (၆-၃) (၆-၁)၊ ဖြိုးမင်းသာက အောင်ကိုကို ကို (၆-၁) (၆-၃)၊ ကျော်မိုးဟိန်းက ကျော်မြင့်သန်းကို(၆-၃) (၆-၄)၊ ဇင်ဘိုက အိုက်ကျောက်ကို (၆-၇) (၆-၂) (၆-၃)တို့ဖြင့် အနိုင်ရရှိသည်။

အမျိုးသမီးပြိုင်ပွဲတွင် ခိုင်ငြိမ်းသာက သန္တာအောင်ကို(၆-၂) (၆-၂)၊ သက်မာထွန်းက ခင်မာထွေးကို (၂-၆) (၆-၃) (၆-၁)တို့ဖြင့် အနိုင်ရသည်။

အဆိုပါလူရွေးပွဲကို စက်တင်ဘာ ၅ရက်အထိ နံနက် ၈နာရီခွဲနှင့် မွန်းလွဲ ၂နာရီတို့၌ ပတ်လည်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၁ရက်မှ ၂၅ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့နှင့် အောက်တိုဘာ ၅ရက်မှ ၁၀ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - ၇-၉-၂၀၀၄(အင်္ဂါနေ့)

အချိန် - မွန်းလွဲ(၂)နာရီ

နေရာ - ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ

စာပေဒါနပြုလိုကြသော စေတနာရှင်အလှူရှင်များ အချိန်မီ တက်ရောက်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

ဖုန်း-၃၇၁၃၃၉/၃၇၉၇၆၉/၃၇၉၇၇၁/၂၅၂၄၅၁

နိုင်ငံအဝန်းကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး

စာအုပ်၊စာစောင်များ ဝိုင်းဝန်းကူညီလှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိက စာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များပါဝင်တက်ရောက်ပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး တက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါနငွေပဒေသာပင်များကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်ဌာနခွဲ ဖုန်း(၀၁-၂၅၂၄၅၇၊ ၀၁-၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁-၃၇၉၇၆၉၊ ၀၁-၃၇၉၇၇၁နှင့် ၀၁-၂၅၂၄၅၁)တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဂျပန်နိုင်ငံ ရှီဇူအိုကာမြို့တွင် စက်တင်ဘာ ၄ရက်မှ ၁၈ရက်အထိ ကျင်းပမည့် အာရှလူငယ်(ယူ-၁၇) ဘောလုံးပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်မည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ အကူဒိုင်လူကြီး ဒုတိယအရာခံဗိုလ် လှမြင့်လတ် (တပ်မတော်မှတ်တမ်းရုံး)အား ဩဂုတ် ၃၁ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှမထွက်ခွာမီတွေ့ရစဉ်။ (ကြေးမုံ)

ရန်ကုန် တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တံခွန်စိုက်ဖလား မိုးရာသီရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသားအကြီးတန်းဘောလုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၄ရက်က စံချိန်မီအားကစားကွင်းတွင် ကျင်းပရာ တံခွန်စိုက်ဆုဖလားရရှိသော အနောက်ပိုင်းရပ်ကွက် ဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော် တံခွန်စိုက်ဆုဖလားချီးမြှင့်စဉ်။

(မြို့နယ်ပြန်/ဆက်)

မှတ်သားဖွယ်ရာ မိုးရေချိန် (၁-၉-၂၀၀၄)

နမ့်ဆန် – ၂ ဒသမ ၆၈ လက်မ

ရန်ကုန်မိုးရေချိန် (၁-၉-၂၀၀၄)

ကမ္ဘာအေး – ၀ ဒသမ ၆၇ လက်မ
ရန်ကုန်မြို့လယ် – ၀ ဒသမ ၂၇ လက်မ
မင်္ဂလာဒုံ – ၀ ဒသမ ၁၅ လက်မ

မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲဖိတ်ကြား

မန္တလေးတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာန၏ အနှစ်(၂၀)မြောက် အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲ အခမ်းအနားကို ၁၇-၁၂-၂၀၀၄ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အလှူငွေများ ထည့်ဝင်ကြပါရန် နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် – ဒေါ်ကြည်ကြည်ငွေ ၀၁-၇၀၃၈၁၆
ဒေါ်ဝင်းမင်းအေး ၀၂-၃၆၈၀၅
ဦးသန့်ဇော်မြင့် ၀၂-၃၁၆၉၁/၃၉၅၄၂
ဒေါ်အေးမြတ်ဖြူ ၀၉-၂၀၀-၁၀၀၄/၀၂-၃၅၂၄၇
ဦးကျော်ကျော်-ဒေါ်မိမိကြီး ၀၉-၆၉၇-၁၇၅၄
ဦးစိုးဝင်းအောင်-ဒေါ်တင့်နွယ်စိုး ၀၉-၆၉၇-၁၃၄၅
ဦးဇော်မင်းကြည်-ဒေါ်သက်ယု ၀၉-၂၀၀-၂၆၂၉

Golden Hope Int'l Ltd.
☎ 202171, 703220

750 KVA မှ 1000 KVA
Generator
ဝယ်/ငှားလိုသည်။
ဆက်သွယ်ရန်–
(09-80-23008)

အမည်ပြောင်းခြင်း

ဦးနေလင်း၏သား ဒဂုံမြို့သစ် မြောက်ပိုင်းအမက(၁၀) ဒုတိယတန်း (က)မှ မောင်သီမင်းနိုင်အား ယနေ့မှစ၍ မောင်ဖြိုးမင်းသူဟု ပြောင်းလဲခေါ်ပါရန်။ **ဖြိုးမင်းသူ**။

Happy Birthday

ခင်စံမှီနိုင်

(ပထမတန်း - A) T.T.C

ချစ်သမီးလေး ခင်စံမှီနိုင် (တစ်တစ်) ရဲ့ (၂-၉-၂၀၀၄) ရက်နေ့တွင် ကျရောက်သောမွေးနေ့မှ နောင်မွေးနေ့ပေါင်း (၁၂၀)ကျော်တိုင်အောင် ကျန်းမာပျော်ရွှင်ခြင်းများနှင့်အတူ ပညာအရာထူးချွန်ထက်မြက်ပြီးတတ်သိလိမ္မာသောသမီးကောင်းရတနာလေးဖြစ်ပါစေ။

ချစ်ဖေဖေ - ဦးနိုင်မင်းဦး
ချစ်မေမေ - မီးရီ

ခရစ်(စ်)လိုက်
CLEARANCE SALES
Up to 80%Off
(selected items only)
Swarovski Crystal Chandelier
Decorative Lighting
Outdoor Lighting
Functional Lighting
Industrial Lighting
SALE
Krislite
(3rd ~ 12th September 2004)
ONLY 10 DAYS HURRY DOWN!
While Stocks Last!



SURE WIN

အာလီမ္မာ GCE ဘာသာစုံ သင်တန်းများ

SAYA SAW DOUGLAS
လုပ်ငန်းသုံး ထိုင်းဘာသာ ထိုင်းစကား
အမှတ် (၂၀၄)၊ ၃၄လမ်း၊ ဖုန်း ၃၇၇၁၃၂

မနောမြေ မနောအလှ

SUCCESS LANGUAGE ACADEMY

SPOKEN ENGLISH	10:00 - 11:30 p.m. 6.9.04 Mon to Thu 10:00 - 12:00 a.m. 11.9.04 Sat + Sun
INTERMEDIATE ENGLISH	1:00 - 2:30 p.m. 14.9.04 Tue to Fri 7:30 - 9:00 a.m. 20.9.04 Mon to Thu

☎ 202046

Explorer
Promotion Show
Dagon Centre
2:00 P.m to 5:00 P.m
3.9.2004 (Friday)

Y.E.S.
Basic Spoken English : SEP- 13,18,20,27
Pre-Intermediate English : SEP - 13,27,25
SAT (I) & Intermediate English : SEP - 1, 23
English Language Proficiency(4 Skills) : SEP - 13
Grammar Foundation Course : SEP - 18
Basic Writing, Academic Writing : SEP - 27
IELTS, TOEFL, SAT (II), Vocabulary Enrichment
No.190,2nd Flr.,28th St.(Upper),Pabedan Tsp. ☎ 243950

WIN JAPANESE LANGUAGE

Level-4 Practice	7 / 9	Tue, Wed, Thu, Fri	13:30 ~ 15:30
Basic	14 / 9	Tue, Wed, Thu, Fri	11:30 ~ 13:30
Intermediate	14 / 9	Tue, Wed, Thu, Fri	16:30 ~ 18:30
Basic Conversation	18 / 9	Sat, Sun	11:30 ~ 13:30
Inter Conversation	18 / 9	Sat, Sun	16:30 ~ 18:30
Level-3 Practice	18 / 9	Sat, Sun	14:00 ~ 15:30

No. 278, Thein Byu Road, Botahtaung Tsp, Yangon.
Ph : 294613, 297998, (Fax) 297998
E-mail: winjapan@baganmail.net.mm http//: winjapan.com

PC WORLD Myanmar
Search
PC
၂၀၀၄ ဇော်တင်ဘာလ ထွက်ပြီ

EXECUTIVE
၂၀၀၄ ဇော်တင်ဘာလ ထွက်ပြီ

INFORMATICS COMPUTER CENTRE
✔ Diploma in Computer Studies
Validated By-UCLES,UK
Short Courses
✔ Graphic Design, Auto CAD
✔ PC Upgrade & Maintenance
INFORMATICS (Myaynigone Branch) - Ph: 525971, 706740, 4412205
INFORMATICS (Botataung Branch) - Ph: 200343, 203188, 296829
INFORMATICS (Bahan Branch) - Ph: 558360

September Term
Discount

THAMES Management Centre
✔ Diploma in Business Administration
✔ Diploma in Marketing & Public Relation
Short Course (SOC - 4/9/2004)
✔ Marketing Management
THAMES Yangon- 296829, 200343, 203188
THAMES Mandalay MICT Park- 89402, 89403

ရောဝတီတိုင်း ကွန်ပျူတာပညာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပ

ပုသိမ် ဩဂုတ် ၁၈

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(ဧရာဝတီတိုင်း)၏ ကွန်ပျူတာပညာရပ်ဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်၍ အမှာစကား ပြောကြားပြီး ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌ၊ ပုသိမ်ကွန်ပျူတာကောလိပ် ကျောင်းအုပ် ဒေါ်မိမိဟန်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒုတိယဥက္ကဋ္ဌဒေါက်တာ ကျော်သိန်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးမောင်တင်နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်တို့က ကွန်ပျူတာ အသင်းများအကြောင်းကို ရှင်းလင်း ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းဥက္ကဋ္ဌ ဦးသောင်းတင်ကအင်တာနက်အကြောင်းသိကောင်းစရာများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဒုတိယဥက္ကဋ္ဌပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းက MCSA Exam အကြောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း အလုပ်အမှုဆောင် အဖွဲ့ဝင် ဦးငြိမ်းဦးက Software Engineering Exam အကြောင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသိန်းထွန်းဦးက Network Engineering Exam အကြောင်း များကို ရှင်းလင်း ဟောပြောကြသည်။ **(၁၆၅)**

ပခုက္ကူမြို့အား ရေအနောက်မြို့တော်အဖြစ် တည်ဆောက်လျက်ရှိရာ မြို့တွင်း လမ်းမကြီးများ တစ်လျှောက် သန့်ရှင်းသပ်ရပ်ရေးအတွက် သန့်ရှင်းရေးဌာနစိတ် ဝန်ထမ်းများ ဆောင်ရွက်ရာသို့ ဩဂုတ် ၁၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ညွန့်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က စံပြသိမ်ကုန်းကျေးရွာတွင် မြို့ရေပေးရေးအတွက် တူးဖော်ပေးခဲ့သည့် တွင်းအမှတ်(၂) ရှစ်လက်မ စက်ရေတွင်းအား တွင်းဆေးခြင်း၊ လေမှုတ်ခြင်းနှင့် စက်ပစ္စည်းများ ပြုပြင်ဆောင်ရွက်ခြင်းကို ဇူလိုင် ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးစန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။
(၁၁၅)



တရားစီရင်ရေး လမ်းညွှန်ချက်များရှင်းလင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံရှင်း

မိတ္ထီလာ ဩဂုတ် ၂၈

မန္တလေးတိုင်း ဥပဒေအရာရှိ ဦးမျိုးချစ်သည် ဩဂုတ် ၂၀ ရက်က မိတ္ထီလာခရိုင်ဥပဒေရုံးအစည်းအဝေးခန်းမတွင် မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ ဥပဒေအရာရှိများနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြောကြား

ဆွေးနွေးပွဲတွင် ရှေးဦးစွာ မန္တလေးတိုင်းဥပဒေအရာရှိ ဦးမျိုးချစ်က ရှင်းလင်းပြောကြားပြီး မိတ္ထီလာခရိုင် ဒုတိယခရိုင်ဥပဒေအရာရှိ ဒေါ်ခင်ဝင်းဖြူက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ တရားစီရင်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မန္တလေးတိုင်း ဥပဒေအရာရှိ ဦးမျိုးချစ်က ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း ဥပဒေအရာရှိများ၏ (၂၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။ **(၁၁၁)**

သောက်သုံးရေဖူလုံရေး စက်ရေတွင်းတူးဖော်

ခရမ်း ဩဂုတ် ၂၃

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ အများပြည်သူတို့ သောက်သုံးရေ ဖူလုံစေရေးအတွက် စက်ရေတွင်းများ တူးဖော်ပေးလျက်ရှိရာ ဩဂုတ် ၁၀ ရက်ထိ ကျေးရွာအုပ်စု ၄၁ အုပ်စုတွင် စက်ရေတွင်းပေါင်း ၅၆ တွင်း တူးဖော်ပြီးစီးပြီဖြစ်သည်။

ဩဂုတ် ၅ ရက်က ခရမ်းမြို့နယ် ကြာကန်ကျေးရွာတွင် စက်ရေတွင်း တူးဖော်ခဲ့ရာ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။
(မြို့နယ်စည်ပင်)

ဝက်လက်မြို့နယ်၌ စာကြည့်တိုက်ဖွင့်

ဝက်လက် ဩဂုတ် ၂၃

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဖွင့်လှစ်သည့် ကိုယ့်အားကိုယ်ကိုး ပညာပဒေသာ စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီက အင်ကြင်းပင် ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပသည်။

လှူဒါန်း

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးသောင်းထွန်းက အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဌေးဝင်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် စာကြည့်တိုက်တည်တံ့ခိုင်မြဲရေးကို လည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမော်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် အကျိုးကျေးဇူးများကို လည်းကောင်း ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်မှူးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ဒုတိယဦးစီးမှူးက စာအုပ်စာစောင် ၅၀ အား ကျေးရွာစာကြည့်တိုက်သို့ လှူဒါန်းသည်။ **(၂၃၀)**

စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေးသင်တန်း မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်

မြစ်ကြီးနား ဩဂုတ် ၂၆

မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်း အမှတ်စဉ် (၂/၂၀၀၄) သင်တန်းဖွင့်ပွဲကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်(၁) ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးရဲမြင့်၊ မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးဆွေ၊ မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး၊ ဦးကျော်ထွန်းနှင့် ဦးစီးအရာရှိများ၊ သင်တန်း နည်းပြများ၊ ခရိုင်/မြို့နယ်များမှ စာရေးဝန်ထမ်းသင်တန်းသား၊ သင်တန်းသူ ၇၀ ဦး တက်ရောက်ကြပြီး ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲမြင့်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။
(က-ပ)

ကျိုင်းတုံ၌ တိုင်းရင်းဆေးပညာသင်တန်းဖွင့်

ကျိုင်းတုံ ဩဂုတ် ၂၆

တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုသင်တန်းအမှတ်စဉ် (၂/၂၀၀၄)ဖွင့်ပွဲကို ကျိုင်းတုံမြို့ ကတ်တောင်ကျေးရွာအုပ်စု၊ ကတ်တောင် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဩဂုတ် ၂၁ရက် နံနက် ၉နာရီတွင် ကျင်းပသည်။

အဆိုပါသင်တန်းအား သင်တန်းသား ၄၂ဦး တက်ရောက်ခဲ့ပြီး သင်တန်းမှာ ရက်သတ္တတစ်ပတ် ကြာမြင့်မည်ဖြစ်သည်။ **(က-ပ)**

မြို့နယ် သတင်းများ

မြဝတီမြို့နယ်၌ ငရုတ်ကောင်းစိုက်ပျိုး

မြဝတီ ဩဂုတ် ၁၅

ကရင်ပြည်နယ် မြဝတီမြို့နယ်၏ ၂၀၀၄ ခုနှစ် ငရုတ်ကောင်း စိုက်ပျိုးပွဲတော်ကို မြဝတီမြို့အနီးရှိ သစ်တောဦးစီးဌာန ကျွန်းစိုက်ခင်းတွင် ဩဂုတ် ၈ရက်က ကျင်းပသည်။

ငရုတ်ကောင်းစိုက်ပျိုးပွဲတော်သို့ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီး လှပိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မီးသတ်၊ ကြက်ခြေနီ စသည့် လူမှုရေးအသင်းဝင်များ၊ မြို့ပေါ်ငါးရပ်ကွက်မှ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ပြည်သူများ တက်ရောက်ကြသည်။

စုပေါင်းစိုက်ပျိုး

ရှေးဦးစွာခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကငရုတ်ကောင်းပင်များကိုစတင်စိုက်ပျိုးပေးပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် ပျိုးထောင်ထားသော ငရုတ်ကောင်းပင်များကို တက်ရောက်လာကြသူများက တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြသည်။
(ခရိုင်ပြန်/ဆက်)

ကွတ်ခိုင်မြို့ သန့်ရှင်းသပ်ရပ်မှုရှိရေးအတွက် မြို့မဈေးကြီးရှေ့ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများ တူးဖော်ခြင်းတို့အား အဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဝင်းဦးဆောင်၍ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကုန်တင်ကုန်ချ အလုပ်သမားအဖွဲ့ဝင်များ ဩဂုတ် ၁၄ ရက်က ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ပြည်နယ်ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်း

လားရှိုး ဩဂုတ် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ပြည်နယ်ကျန်းမာရေး ကော်မတီနှင့် ပြည်နယ် အေအိုင်ဒီအက်စ်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂/၂၀၀၄ ကို ပြည်နယ်ကျန်းမာရေး ဦးစီးဌာနရုံးခန်းမ၌ ဩဂုတ် ၁၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အဖွဲ့ဝင်(၁)က အဖွင့်အမှာစကားပြောကြားသည်။ ပြည်နယ်ကျန်းမာရေးမှူး ဒေါက်တာ ညွန့်ဝင်းမြင့်နှင့် ပြည်နယ် ခုခံအားကျရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာလှမြင့်တို့က ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးသည်။
(ခရိုင်ပြန်/ဆက်)

မြို့သာယာရေးဆောင်ရွက်

ရေတာရှည် ဩဂုတ် ၂၂

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်က မြေယာ ရှုခင်းအလှပြုပြင်ထားမှုအား ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့က စစ်ဆေးပြီး အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးလှိုင်မြင့်တို့က ရှင်းလင်းပြသကြသည်။ **(၁၄၁)**

မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

သာစည် ဇူလိုင် ၁၀

သာစည်မြို့နယ် မောင်းမဆည်ကျေးရွာ ကျောင်းထိုင် ဆရာတော် ဦးမာနိတာဘိဝံသ၏ အကျိုးဆောင်မှုဖြင့်ကျေးရွာအခြေခံမူလတန်းကျောင်းအား မူလတန်းလွန်ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကို အဆိုပါ ကျေးရွာတွင် ဇွန် ၁၆ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်မေဝင်း၊ လက်ထောက်ပညာရေးမှူး ဦးမောင်မောင်အေးနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက တက်ရောက်ကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်ယဉ်မေဝင်းက မူလတန်းလွန်ကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။
(အပေါ်ပုံ) (၄၂၅)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့
ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၄ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့ထိ နိုင်ငံအဝန်းတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် (၆၇၅၀)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်တွေ ထူထောင်စို့

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ရောက်ပင်ရိုးကျေးရွာ အုပ်စုငါးပြားပေးကျေးရွာတွင် စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၂၉ ရက်က ကျင်းပရာ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးစောထွဋ်နောင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဖဲကြိုးဖြတ် ဖွင့်လှစ်

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် ရွာပိသာကျေးရွာကိုယ့်အားကိုယ်ကိုး သုတစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ မြို့နယ်ပြန်/ဆက်ဒုဦးစီးမှူး ဦးမြင့်သိန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ပညာရောင်ခြည် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မဟာမြိုင်(၂)ရပ်ကွက်၊ တောင်ကုန်းကြီးမေ္ဘာရုံ၌ ဩဂုတ် ၂၂ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးဝင်းကိုတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

နိဗ္ဗာန်ရည်မှန်း ရွှေသင်္ကန်း

❊ မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **'ဒါနသဟာယ'**မည်၏။

❊ မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **'ဒါနသာမိ'**မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုနိဆင်မြန်း၊ ရွှေသင်္ကန်းကို
လှူဒါန်းကုသိုလ်ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ဦးဆောင်မှုဖြင့် **"မဟာဇေယျအတုလမာရဇိန်"** ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်နေ့တွင် ရေစက်ချ ဖွင့်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကြီးကို ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိဿာ ဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ **ရဟန်းရှင်လူပြည်သူအများနိဗ္ဗာန်ရည်မှန်း၍ရွှေသင်္ကန်းတော်များ ကိုယ်တိုင်ကိုယ်ကျကပ်လှူပူဇော်နိုင်ကြပါပြီ။**

ကိန်းဝပ်စံပယ်ရာ	–	ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းကြီးအနီး
ပုံတော်	–	ဘူမိဖဿ မုဒြာပုံတော်
ဉာဏ်တော်	–	၂၄ ပေ ၉ လက်မ
ပလ္လင်တော်	–	အလျား ၂၂ ပေ၊ အနံ ၁၅ ပေ
မျက်နှာတော်အလေးချိန်	–	ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး ၁၂၅ ပိဿာ
ကိုယ်လုံးတော်အလေးချိန်	–	၁၉၇၅၀ ပိဿာ
စုစုပေါင်းအလေးချိန်	–	၁၉၈၇၅ ပိဿာဖြစ်ပါသည်။

ရွှေကိုလှူလျှင် ရွှေဆင်းသွင်သို့
ဘဝပင်မခြား တူအကျိုးပွား၏
ဘူမိဖဿ မုဒြာမြတ်ကို
မပြတ်သန့်စင် ရောင်ဝါလွင်သော
ရွှေစင်သင်္ကန်း ဒါနပန်းဖြင့်
လှူဒါန်းပူဇော် နိဗ္ဗာန်မျှော်လျက်
နှီးဆော်သတင်း ပေးဝေနှင်းသည်
ကောင်းခြင်းဖြာဖြာ ပြည့်စေသော် ...

(၁)ရွှေဆိုင်းဌာန	–	ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးတန်ဆောင်းတော်
(၂)ရွှေအရည်အသွေး	–	ရွှေစင် ၉၉ ရာခိုင်နှုန်း
(၃)ကပ်လှူပူဇော်ချိန်	–	နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ
(၄)ဆက်သွယ်စုံစမ်းရန်	–	ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၁-၅၄၁၆၈၁။

"ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ"

မွေးနေ့ဆုတောင်း

ချစ်သားကြီး **မောင်ရဲကျော်သူ** ၏ ၂-၉-၂၀၀၄ ရက်နေ့တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းတစ်ရာကျော်တိုင်ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ အောင်မြင်မှုများစွာဖြင့် ဘဝကိုတက်လှမ်းနိုင်ပါစေရန် ဆုမွန်ပို့သပါသည်။

ဖေဖေ – ဦးမောင်မောင် (မျိုးသုခဆေးကုဌာန)
မေမေ – ဒေါ်လှမြိုင် (စိန်ရတနာဆေးဆိုင်)
ချစ်ညီမလေး – မမေသီရိခင်(ခ)ချောစုမ

ချမ်းမြေ့ရိပ်သာကျောင်း နှစ်ဆယ့်ရှစ်ကြိမ်မြောက် ဝါဆိုသင်္ကန်းလှူဒါန်းဆက်ကပ်ပွဲ

ကျင်းပမည့်နေ့ ။ ။ ၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော်(၁၃)ရက် ၁၂-၉-၂၀၀၄ (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ ။ ။ ချမ်းမြေ့ရိပ်သာကျောင်း
ရေစက်ချချိန် ။ ။ နံနက် (၉:၀၀)နာရီ
ညှော်ခံကျွေးမွေးချိန် ။ ။ နံနက်(၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီ
မှတ်ချက်။ လှူဖွယ်ပစ္စည်းများကို နံနက်(၈)နာရီမှစ၍ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန်စီ စဉ်ထားပါသည်။

ဆရာတော်ဘုရားကြီး အိမ်ဦး?? (heading)

သူငယ်ချင်းတို့

(၅/၈၂)ခုတ်ယနှစ် အမ်ဘီဘီအက်စ် ဆေးတက္ကသိုလ် မန္တလေး ဝင်နဲ့ကြသူတွေနဲ့ပြီး ပထမအကြိမ် ဆရာကန်တော့ပွဲ နဲ့ မိတ်ဆုံညစာစားပွဲလုပ်ဖို့ စီစဉ်နေကြတယ်။ အမြန်ဆက်သွယ်ပြီး တက်ဖြစ်အောင် ကြိုးစားကြပါ။

ကျင်းပမည့်ရက်- ၂၀၀၄ခုနှစ် အောက်တိုဘာလ(၃၁)ရက်။ (ဆေးတက္ကသိုလ်(မန္တလေး)ရဲ့ ရွှေရတုအခမ်းအနားကို ၂၀၀၄ခုနှစ် နိုဝင်ဘာလ(၁/၂/၃)ရက်တွေမှာ လုပ်လိမ့်မယ်။)
ကျင်းပမည့်နေရာ- ဆရာဝန်အသင်း(မန္တလေး)ခန်းမ။
နှစ်ပုံငွေထည့်ဝင်ရန်-နောက်ဆုံးရက် ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၃၀)ရက်။
အမည်စာရင်းပို့ရန်-နောက်ဆုံးရက် ဆရာကန်တော့ပွဲအစီအစဉ်ညှိနှိုင်းရန်(၂-၁၀-၂၀၀၄)ရက်၊ နံနက် ၉ နာရီ တွင် လမ်း-၈၀(၂၇ × ၂၈)လမ်းကြား မန္တလေးမြို့ရှိ "[illegible]" မှာ ဆုံကြရအောင်။

ဆက်သွယ်ရန် ➢

၁။ မသန်းသန်းမြင့် ၀၉ ၂၀၀ ၁၃၄၄၊ ၀၂-၇၁၇၇၇၀၊ တိုင်းကျန်းမာ
၂။ မမြင့်မြင့်ရီ ၀၂-၃၁၁၈၀၊ ၀၂-၃၁၁၈၀
၃။ ကိုမောင်မောင် ၀၂-၃၁၅၉၃၊ ဆေးချမ်းသာအထူးကုဆေးခန်း၊ လမ်း-၈၀(၂၇×၂၈)လမ်းကြား၊ မန္တလေးမြို့။
၄။ ကိုသင်းကျော် ၀၉ ၅၁၀ ၄၅၄၀ (ရန်ကုန်မြို့)
၅။ မနွယ်နီအောင် ၀၉ ၅၁၀ ၁၇၁၅ (ရန်ကုန်မြို့)

မွေးနေ့ဆုတောင်း

စက်တင်ဘာ၂ရက်နေ့တွင် ကျရောက်သော သားကြီး **မင်းကိုကိုမောင်** (IVAN)၏ မွေးနေ့မှသည် နောက်မွေးနေ့ပေါင်းများစွာကို ဖေဖေ၊ မေမေ၊ ညီမလေးတို့နှင့်အတူ ပျော်ရွှင်စွာ ဖြစ်သန်းနိုင်ပါစေ။

ဖေဖေ၊ မေမေ၊ ညီမလေး
(လှမဉ္ဇူ မိသားစု)

INVITATION TO TENDER

(TENDER NO. 7(T)MPE/HSD(6)/2004-2005)

1. Sealed Tenders are invited by the Myanma Petrochemical Enterprise, the Ministry of Energy for the supply of **11,000 ± 10% Metric Tons H.S.D(Gas Oil Regular 0.5%).**
2. Tender closing Date: (15-9-2004) at (12:00)noon.
3. Tender Documents and detail information are available at the Department of Finance, Myanma Petrochemical Enterprise, No(23), Min-Ye-Kyaw-Zwa Road, Yangon, during office hours commencing (1-9-2004) on payment of one hundred(100) FEC per set.
4. Only bid from tenderer who has purchased tender documents officially from Myanma Petrochemical Enterprise will be accepted for evaluation.

Managing Director
Myanma Petrochemical Enterprise.

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်တက္ကသိုလ်)

[illegible]
Certificate
[illegible]

Nakano Japanese LanguageCentre (Yangon)

[illegible] Conversation Course [illegible] 7th Sept [illegible] Basic Course [illegible] 6th Sept [illegible] NIC [illegible] Level 4 [illegible] Level 3 [illegible]

Tel:298752, Fax:538190,E-mail: [illegible]

G.G.A ကျောက်မျက်သင်တန်း

- ၁၉၉၁မှ စတင်တည်ထောင်သည်။
- (၁)လသင်တန်း လစဉ် လဆန်း ၅ရက်နေ့စမည်။
- စာသင်ချိန် နာရီ ၉၀၊ စာသင်ချိန်အများဆုံး သင်တန်းဖြစ်သည်။ သင်တန်းအရွေးမမှားစေရန်
- G.G.A တွင် အသေးစိတ် စုံစမ်းပါ။
- ထူးခြားသည်ထင်မှ G.G.A ကို တက်ပါ။
- စုံစမ်းရန်- ၄၇၄/၄၇၆၊ မဟာဗန္ဓုလလမ်း၊ ဖုန်း-၂၅၄၄၁၀။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ဟွန်ဒါဒရွမ်း ၁ဃ/၃၅၅၄၆၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဦးစိုးမင်းနိုင်
ကျိတ္တောရာသံတွဲမြို့၊
ရခိုင်ပြည်နယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊၂၀၀၄ခုနှစ် ဩဂုတ်လ ၃၁ရက်။

ချိပ်ပိတ်ဈေးနှုန်းလွှာ ခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ထုတ်လုပ်ရေးဌာန၊ မွေးမြူရေးစခန်းများအတွက် လိုအပ်သော တိရစ္ဆာန်အစာကုန်ကြမ်း၊ ဖြည့်စွက်ဆေးနှင့် ပီနံအိတ်ခွံများကို ဌာနအရောက် ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၇-၉-၂၀၀၄နေ့ (၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူ ရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅)တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ဝန်ထမ်းအလိုရှိသည်။ (ပြည်တွင်း၌သာခန့်ထားရန်)

၁။ ရွှေဆိုင်ငွေကိုင် (ကျွမ်းကျင်) **မ (၅)ဦး**
၂။ Computer Operater **မ (၂)ဦး**

- ပညာအရည်အချင်း (၁၀)တန်းအောင်၊ ဘွဲ့ရ။ ဘွဲ့ရသူကိုဦးစားပေးမည်။
- အသက် (၂၈) နှစ်အောက်ဖြစ်ရမည်။
- ရုပ်ရည်အသင့်အတင့်ရှိရမည်။
- သွက်လက်ချက်ချာ၍ ဆက်ဆံရေးပြေပြစ်ရမည်။
- ကျန်းမာသန်စွမ်းရမည်။
- အမှတ်စဉ် (၂) အတွက် MS Excel ကျွမ်းကျင်ရမည်။ မြန်မာစာရိုက် ကျွမ်းကျင်ရမည်။
- အမှတ်စဉ် နှစ်ခုစလုံးအတွက်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ (၆)လအတွင်းရိုက်ထားသောဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်တို့နှင့်အတူအောက်ပါလိပ်စာအတိုင်း နံနက် (၉)နာရီမှ ညနေ(၄) နာရီအတွင်း ကြော်ငြာသည့်နေ့မှစ၍ တစ်ပတ်အတွင်းလူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

အမှတ်(၇၃)၊ (ပ)ထပ်၊ ၂၃ လမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။





မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
စီးပွားရေးလုပ်ငန်းအဖွဲ့

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် Introduction to Internet သင်တန်းတက်ရောက်ခွင့် လျှောက်လွှာခေါ်ယူခြင်း–

သင်တန်းစတင်ဖွင့်လှစ်မည့်ရက် – (၉-၉-၂၀၀၄)
သင်တန်းဖွင့်လှစ်မည့်နေရာ – e-Learning centre Building 1, MICT Park လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
သင်တန်းအချိန် – ညနေ(၄:၀၀)နာရီမှ (၇:၀၀)နာရီထိ (တနင်္လာ)မှ(သောကြာ)ထိ
သင်တန်းကာလ – (၂)ပတ်
လက်ခံမည့်သင်တန်းသူဦးရေ – (၅၀)ဦး(အမျိုးသမီးများသာ)
လျှောက်လွှာစတင်ရောင်းချမည့်ရက် – ၂-၉-၂၀၀၄
ဆက်သွယ်စာရင်းပေးရန်လိပ်စာ – သီတာဓာတ်ပုံဆိုင်၊ အခန်း(၅)၊ တိုက်(၁)၊ အင်းစိန်လမ်းမကြီး၊ လှည်းတန်းဈေးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

သတ်မှတ်ထားသောလျှောက်လွှာပုံစံများကို တစ်စောင်လျှင် (၁၀၀)ကျပ်နှုန်းဖြင့် အထက်ပါလိပ်စာအတိုင်း တစ်ဦးလျှင် တစ်စောင်နှုန်းသာဝယ်ယူနိုင်ပြီး ၈-၉-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

အတွင်းရေးမှူး
စီးပွားရေးလုပ်ငန်းအဖွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်။

မြန်မာ့မီးရထားစက်ခေါင်းစက်ရုံအင်းစိန်မှ အဆင့်အတန်းမီ ဓာတ်ငွေ့ဂဟေဆက်နည်း၊ ဖြတ်နည်းနှင့် လျှပ်ပန်းဂဟေဆက်နည်းအခြေခံသင်တန်းများကို လစဉ်ဖွင့်လှစ် သင်ကြားပေးနေပြီ။

* သင်တန်းအမှတ်စဉ်(၉၈)
(၇-၉-၂၀၀၄)နေ့ စတင်ဖွင့်လှစ်မည်။
* ပတ်(စ်)ပို့ ဓာတ်ပုံ (၃)ပုံ ယူခဲ့ရမည်။
* ထိရောက်စွာ သင်ကြားနိုင်ရန် သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။
* အမြန်ဆက်သွယ်ပါ။
ဖုန်း– 640272, 640007.

Job Vacancy
(Local Service Only)

We are seeking applicants for the following positions:

(1) Plant Manager (1)post Male
(2) Maintenance Engineer (1)post Male
Profile of desirable applicant.
- B.E (Mechanical)
- Aged between 40-50 years
- Minimum 5-8 years in Managerial skill in a reputed manufacturing facility
- Preferable with overseas experience with ISO/GMP/HACCP-Company.
- Experience in Beverages manufacturing field is preferable.
- Must be able to speak & write English
- Excellent inter-personal communication skills
- Very good analytical & planning skills

(3) Internal Auditor (2) posts Male/Female
Profile of desirable applicants.
- B.Com, B.Econ, B.A(Eco), B.A(BM), D.A, LCCI Level- III (passed)
- CAT Certified Accounting Technician
- Computer skills
- (3) years experiences in Internal Audit
- Can travelling be essential

Please submit your application with C.V, copies of certificates & copy of labour registration card to International Beverages Trading Co.,Ltd, No-18, Pyay Road, (7)Miles, Mayanngone T/S, Yangon, Myanmar.
Closing date of application is 16th September 2004.
Only short listed candidate will be contacted for interview.

တော်ဝင်
အဆင့်မြင့်ခန်းဆီးလိုက်ကာ
☎542311 09-5002003

Top Field Digital ... Metabox, Silver box ... UPGRADE ...
ZN SATELLITE GROUP, Tel: 727548

Java
JAVA
RENDEZVOUS Publishing House.

FAME **Bee Pollen**
ပျားဝတ်မှုန်ဆေးတောင့်

ကျွမ်းကျင်ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်းဌာသာစန့်ထားရန်)

၁။ စာရင်းကိုင်ကျွမ်းကျင် မ (၂) ဦး B.Com (C.P.A), LCCI(I),(II)
၂။ ကွန်ပျူတာကျွမ်းကျင် မ (၂) ဦး
၃။ ယာဉ်မောင်းကျွမ်းကျင် ကျား(၂) ဦး

လျှောက်ထားလိုသူများသည် အမျိုးသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၁)ပုံကို ယူဆောင်၍ ဤကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ–
D.A.M Enterprise
အမှတ်–၂၂၈/၂၃၂၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မြနန္ဒာ

အမည်ပြောင်းခြင်း

ရေးမြို့၊ အထက(၁)ဒသမတန်း (G)မှ ဦးစောလွင်၏သား မောင်ကောင်းမြတ်သူ အမျိုးသား မှတ်ပုံတင်အမှတ် [၁၀/ရမန(နိုင်)၁၅၀၃၂၈]အား မောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းမြတ်။

Ruby Car Rental
725317, 650823
Saloon Van, Hilux, Publica

ရူပါ (1)
TV
Ph : 560339

Tel: 951-545114, 709716

အမည်ပြောင်းခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ (ဦးတင်ထွန်း) ဒေါ်နုနုဇံတို့၏သမီး အလက(၇) တတိယတန်းမှ မသီရိထွန်းအား ယနေ့မှစ၍ မသီရိဇံဟု ပြောင်းလဲခေါ်ပါရန်။

မသီရိဇံ။

အမည်ပြောင်းခြင်း

ဦးနော်ဇီရာမတ်၏သား နုရ်မာမတ် ABK–၂၁၅၂၀၀အား ဦးခင်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဦးခင်မောင်။

ဝမ်းနည်းကြေကွဲခြင်း

Siema Furnishings Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးခင်မြင့်(ငြိမ်း)
အသက်(၆၄)နှစ်

မန္တလေးမြို့ ဈ–၁/၂၁၊ ဒေလီယာလမ်း၊ ၆၁X၆၂လမ်းကြားနေ ဒေါ်ယဉ်တင့် (S.A.T ငြိမ်း)၏ခင်ပွန်း၊ ဗိုလ်ကြီးအောင်သီဟ(လေ)၊ ဦးအောင်ထွဋ်ပိုင် (ကထိက၊မြို့ပြ၊ G.T.C မော်လမြိုင်)၊ ကိုအောင်ဇာနီထွန်း(B.E Mech) တို့၏ဖခင်သည် ၂၆–၈–၂၀၀၄ ရက်(ကြာသပတေး)နေ့တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း

ဦးမြင့်ကြူဘော၊ ဦးတင်နု၊ ဦးအောင်ကြည်၊ ဦးမြသန်း၊ ဦးစစ်ရုံ။

စားပွဲနှင့်ကုလားထိုင်များငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေးအခမ်းအနားများတွင်ခေတ်မီပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ဖုန်း–၂၄၅၆၄၅။

ဘုရား၊ သိမ်၊ ကျောင်း၊
ရဟန်းဒါယကာကြီး
အင်ဟင်းချိုး (ခ) ဦးဟင်းချိုး
အသက်(၉၀)
(သုံးခွမြို့)

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ (၆) ရပ်ကွက်၊ ဇောတိကလမ်း၊ အိမ် အမှတ်၊ (၁၇) နေ ဒေါ်ဟက်ကွမ်၏ ခင်ပွန်း၊ ဒေါ်ပု– ဦးတိုက်ရန်၊ ဒေါ်နု–(ဦးခင်မောင်ရီ)၊ ဒေါ်စု–ဦးရဲမြင့်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်မြင့်မြင့်သန်း– ဦးရှိန်မြင့်၊ ဦးသန်းစိုး– ဒေါ်စန်းစန်းဝင်း၊ ဦးဟံတင် –ဒေါ်မေရင်၊ ဒေါ်သန်းသန်းထွေး– ဦးမြင့်ဝင်း၊ မချိုချိုဝင်း၊ ကိုဝင်းမြင့်သိန်းတို့၏ မွေးသဖခင်၊ မြေး (၂၄) ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘိုးသည် ၃၁–၈–၂၀၀၄ (အင်္ဂါနေ့) နံနက် ၆:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄–၉–၂၀၀၄ (စနေနေ့)နံနက် ၁၁:၀၀ နာရီတွင် နေအိမ်မှ ကရင်စုသုသာန်သို့ ပို့ဆောင် ဂူသွင်း သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

သိမ်၊ ကျောင်း၊ ပိဋကသုံးပုံ
ဒါယိကာမကြီး
ဒေါ်သန်းညွန့် (၇၆)နှစ်
(ကညွတ်ကွင်း၊ ကန်တော်လေး)

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွှေညောင်မြို့နေ (ဦးစိန်ဖိုး–ဒေါ်ဖွား) တို့၏ သမီး၊ ပဲခူးတိုင်းကညွတ်ကွင်းမြို့ နေ (ဦးစံဖေ–ဒေါ်ကျော့)တို့၏သမီး ချွေးမ၊ ရန်ကုန်မြို့ ကန်တော်ကလေး အရှေ့ပိုင်း အမှတ်၉၁/၉၄လမ်းနေ ဦးစိန်လွင် (မြန်မာ့မီးရထား လ/ထ တိုင်းပို့ဆောင်ရေးမန်နေဂျာ၊ ငြိမ်း)၏ဇနီး၊ ဒေါက်တာထွန်းအောင်ကျော်–ဒေါ်နုနုအောင်၊ ဦးမောင်မောင် (ဒု–လ/ထညွှန်မှူး၊ စက်မှုဒ စက္ကူဓာတု၊ ငြိမ်း)–ဒေါ်မာမာ၊ ရွှေညောင်မြို့နေ ဦးကိုကို–ဒေါ်သန်းနွဲ့၊ ယုဇနဥယျာဉ်မြို့တော်နေ ဦးအေးမောင်–ဒေါ်စန်းစန်းဝေ တို့၏အစ်မကြီး၊ ဒေါ်ဝင်းဝင်းနွဲ့၊ ဦးဇော်ဝင်း–ဒေါ်အေးအေးသွဲ့၊ ဦးသန်းဌေး (ရေအရင်းအမြစ်–ငြိမ်း)–ဒေါ်မြင့်မြင့်ခိုင်(ရေအရင်းအမြစ်–ငြိမ်း)၊ဦးအောင်အောင်–ဒေါ်အေးအေးလွင်(အမက–၁၄၊ တောင်ညွန့်)၊ ဦးအေးဝင်း – ဒေါ်မာလာလွင် (ကျောက်တံခါးမြို့)၊ ဦးတင့်ဇော်ဦး–ဒေါ်သီတာလွင် တို့၏ မိခင်ကြီး၊ မဖြိုးဝေဦး(AGTI-Civil၊ စီးပွား/စီမံ နောက်ဆုံးနှစ် အရှေ့ပိုင်းတက္ကသိုလ်)၊ မပိုးဝေဦး 3rd year (Zoo) အရှေ့ပိုင်းတက္ကသိုလ်၊ မမိုးဝေဦး၊ မောင်သက်နောင်စိုး (IX C အထက–၂ တာမွေ)၊ မမေသက်ခိုင် (VII G အထက ၁–ဒဂုံ)၊ မောင်ဟိန်းထက်ဇော်(အမက ၃၊တောင်ညွန့်)၊ မစုဒါလီခိုင်(အမက၃၊တောင်ညွန့်)၊ မမြဒါလီမောင်(အမက–၃၊တောင်ညွန့်)၊ မသန့်ဖြူဖွေး(အထက ကျောက်တံခါး)၊ မပန်းနုထွေး (အထက ကျောက်တံခါး) မောင်ကျော်ကောင်းဆက်တို့၏ဘွားဘွားကြီးသည် ၃၁–၈–၂၀၀၄ ရက်တွင် သျှင်ပါကူ ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့်၂–၉–၂၀၀၄(ကြာသပတေး နေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ငှက်ဖျားရောဂါ နှိမ်နင်းကာကွယ်ပါ

၁။ ငှက်ဖျားရောဂါသည် ငှက်ဖျားရောဂါပိုးသယ်ဆောင်သော ခြင်ကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားပါသည်။ ငှက်ဖျားပိုး သယ်ဆောင်သောခြင်သည် ညအခါများတွင် ကိုက်လေ့ရှိသဖြင့် ညဘက်တွင် ခြင်ကိုက်ခံရပါက ငှက်ဖျားရောဂါဖြစ်ပွားနိုင်သည်။

၂။ ငှက်ဖျားရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး ငှက်ဖျားရောဂါ ကင်းစင်သောဒေသများမှ ငှက်ဖျားရောဂါ ထူထပ်သောဒေသများသို့ သွားရောက်နေထိုင် အလုပ်လုပ်ကိုင်သူများတွင် ရောဂါပိုမိုဖြစ်ပွားလွယ်ပြီး ဖြစ်ပွားပါက ရောဂါပြင်းထန်ပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးများတွင် ဖြစ်ပွားပါကလည်း ရောဂါပြင်းထန်တတ်ပါသည်။

၃။ ငှက်ဖျားရောဂါ လက္ခဏာများမှာ–

(က) ချမ်းတုန်၍ ဖျားခြင်း

(ခ) တက်ဖျားကျဖျားအသွင် ဖျားခြင်း

(ဂ) ရောဂါပြင်းထန်ပါက

- တစ်ပါးသူ၏ အကူအညီမပါဘဲ မထနိုင်၊ မထိုင်နိုင် လမ်းမလျှောက်နိုင်ခြင်း၊
- ဆေးမသောက်နိုင်အောင် အန်ခြင်း၊
- မိန်းခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ တက်ခြင်းတို့ ဖြစ်နိုင်သည်။

၄။ ငှက်ဖျားရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ၂၄နာရီအတွင်း နီးစပ်ရာ ကျန်းမာရေးဌာနသို့ စောလျင်စွာ သွားရောက်ပြသ၍ သွေးဖောက် စစ်ဆေးပြီး ဆေးပတ်လည်အောင် ကုသမှုခံယူပါ။ ငှက်ဖျားရောဂါကို စောစီးစွာ ဖော်ထုတ်၍ ထိရောက်စွာ ကုသမှုခံယူခြင်းသည် ဦးနှောက်သို့ ငှက်ဖျားပိုးဝင်ခြင်းအပါအဝင် ပြင်းထန်သော ငှက်ဖျားရောဂါဖြစ်၍ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်သည်။

၅။ ငှက်ဖျားရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ပါ။

(က) ခြင်ကိုက်ခံရမှုမှ ကာကွယ်ခြင်း

(၁) ခြင်ထောင်ဖြင့်အိပ်ပါ။ ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင် သုံးပါ။

(၂) ညအခါ ခြင်ထောင်အပြင်တွင်ရှိသော အချိန်များတွင် ခြင်ကိုက်မခံရအောင် အဝတ်အစား လုံလုံခြုံခြုံဝတ်ပါ။

(၃) အဝတ်အစားလွတ်သော လက်၊ ခြေ၊ မျက်နှာတို့တွင် ခြင်မကိုက်သည့်ဆေးလိမ်းပါ။

(ခ) ခြင်ကိုနှိမ်နင်းခြင်း

(၁) ခြင်မခိုအောင်းရန်အတွက် အိမ်အနီးရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းပါ။

(၂) ရပ်ကွက်၊ ကျေးရွာအနီးရှိ စိမ့်စမ်းချောင်းများကို ရေစီးရေလာကောင်းအောင် လူထုအားဖြင့် စုပေါင်းဆောင်ရွက်ပါ။

(၃) ပိုးလောက်လမ်းစားငါးများကို ရေတွင်း၊ ရေကန်များတွင် ထည့်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

မိုးရာသီ ယာဉ်မောင်းလျှင်
အောက်ပါ အချက်အလက်များ သတိပြုပါ

[illegible]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် သ/၈၉၉၉ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင်[၁၂/လသန(နိုင်)၀၁၈၈၁၅]မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ ရက်ပေါင်း၃၀အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အနောက်ပိုင်းခရိုင်ရုံး၊ (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်၊ **ကညန၊ ရန်ကုန်တိုင်း။**

ရဲသီဟဦးတင်အောင်
(ဂီတစာဆို)
အသက် (၇၅) နှစ်

ဘားအံမြို့၊(ဦးဘိုးကျန်–ဒေါ်မြ သွေး)တို့၏သား ဦးခင်မောင်အုန်း–ဒေါ်ခင်တင်တင်ဦးတို့၏ သားသမက်၊ ဒေါ်မေသဇင်အုန်း၏ ခင်ပွန်းသည် ၃၁–၈–၂၀၀၄(အင်္ဂါနေ့) ညနေ ၅း၂၀ နာရီတွင် တိုက် (၁)၊ အခန်း(၂၀၁)၊ ဒုတိယထပ်၊ မြမင်္ဂလာလမ်း၊ စစ်တောင်းရိပ်မွန်၊ ယုဇနဥယျာဉ်မြို့တော်အိမ်ရာ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂–၉–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၃း၃၀ နာရီတွင် နေအိမ်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှကြည်
အသက်(၇၃)နှစ်
(ဝေါ/ဘုရားပျို)

ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ဘုရားပျိုကျေးရွာ၊ ပန်းပဲစုရပ်ကွက်နေ(ဦးထွန်းလှ–ဒေါ်ပြုံးရင်)တို့၏သမီး၊ တာမွေမြို့နယ်နေ (ဦးငွေ–ဒေါ်ဝက်)တို့၏ သမီးချွေးမ၊ ရွှေပြည်သာမြို့နယ်နေ (ဦးနီ)–ဒေါ်သောင်းလှတို့၏ညီမ၊ သာကေတမြို့၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ(၁၇)လမ်း အရှေ့၊ အမှတ်(၈၅)နေ ဦးဝင်းကြည်၏ ဇနီး၊ (ဦးထွန်းလှိုင်)–ဒေါ်သိန်း၃၊ ဦးဆန်းဦး၊ ဦးလှဦး–ဒေါ်လှလှငွေ၊ ဦးသန်းစိုး–ဒေါ်စန်းစန်းမော်၊ ဦးဝင်းဦး–ဒေါ်မြနွဲ့၊ ဦးတင်မောင်–ဒေါ်ဝင်းဝင်းမော်၊ ဦးစောဝင်း–ဒေါ်တင်တင်မော်၊ဦးမျိုးခိုင်–ဒေါ်ခင်ခင်မော်၊ ဦးအောင်ကျော်ဦး–ဒေါ်သင်းသင်းနွယ်တို့၏မိခင်၊ မြေး၂၂ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁–၉–၂၀၀၄ရက် နံနက်၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃–၉–၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရဟန်းဒါယကာကြီး

ဦးမြင့်အေး (၅၉) နှစ်

သိန်းတရာအထည်တိုက်
ချင်းတွင်းအသင်းအမှုဆောင်၊
ချင်းတွင်းမြေသာ/မလီမိတက်
ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး
B.Sc (Maths)
(မုံရွာ)

မုံရွာမြို့၊ ဘုရားကြီးလမ်း၊ သိန်းတရာအထည်တိုက် (ဦးလှဖေ–ဒေါ်အေးကြည်)တို့၏သား၊မွေ့ကထိက ဆရာကြီး (ဦးလှသိန်း–ဒေါ်ဒေါ်ပု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ယောမင်းကြီးရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ ခြံအမှတ်(၂၉၂–ခ) အခန်း (၄/၆)နေ ဒေါ်ခင်မာသိန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုသန့်ဇော်အေး (Senior Cadet) – မတင်တင့်ဆွေ၊ မယမင်းအေး(ဌာနစုမှူး၊ ပန်းဥယျာဉ်ဌာန၊ မြို့တော်စည်ပင်)၊ မစိုးမိုးအေး (Elite Media Co., Ltd.)တို့၏ ချစ်လှစွာသော မွေးသဖခင်သည်၁–၉–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၁း၃၀ နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃–၉–၂၀၀၄(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ငွေသိန်း
အသက်(၉၉)နှစ်
(ပန်းတောင်း)

ပန်းတောင်းမြို့နေ(ဦးအုန်းခိုင်–ဒေါ်လှမေ)တို့၏ သမီး၊ (ဦးသန်းစိန်)၏ ဇနီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၃)ရပ်ကွက်၊ အမှတ်(၁၁၆၆)၊ ငုဝါလမ်းနေ ဦးမြင့်သောင်း(လူမှုဖူလုံရေးအဖွဲ့၊ငြိမ်း)–ဒေါ်ခင်ဝင်းမြင့်(အထက–၃၊ ဒဂုံမြောက်)၊ ဒေါ်သောင်းသောင်း (အထက–၃၊ အလုံ၊ငြိမ်း)၊ ဒေါ်ဆွေဆွေတို့၏ မိခင်၊ မကျော့ကျော့စံ (ထွေ/အုပ်၊ ဒဂုံ၊ တောင်)၊ မဖြူဖြူသိမ့်(ထွေ၊/အုပ်၊ဒဂုံ၊တောင်)တို့၏အဘွားဒေါ်ငွေသိန်းသည် ၃၁–၈–၂၀၀၄ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂–၉–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးလှရွှေ
အသက်(၈၀)
(ဝါးတရာ)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြေးတိုင်စု(၁)လမ်း၊ အမှတ်(၃၉)နေ ဦးချန်ထွန်း–ဒေါ်ခင်တို့၏ ညီ၊ ဦးရွှေ–ဒေါ်ရွှေညွန့်၊ ဦးချစ်လှ–ဒေါ်ခင်ညွန့်၊ ဦးအောင်မြင့်–ဒေါ်သန်းရီ၊ (ဦးမြဝင်း)–ဒေါ်ခင်စန်း၊ ဦးမြစော–ဒေါ်ခင်သန်းတို့၏ အစ်ကို၊ ဒေါ်ခင်ပို၏ ခင်ပွန်း၊ ဦးအောင်သန်းညွန့် – ဒေါ်ခင်ခင်ဝင်း၊ ဦးတင်မောင်ရွှေ–ဒေါ်စောနုစ်၊ ဦးတင်မောင်လွင်–ဒေါ်စီစီသိန်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဦးရွှေသည် ၃၁–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂–၉–၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့်၁၂ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း
ဒါယကာကြီး

ဦးလှရွှေ
အသက်(၈၀)
(ဝါးတရာ)

အင်းစိန်မြို့၊ ကြေးတိုင်စု (၁) လမ်း၊ အမှတ်(၃၉)နေ ဦးချန်ထွန်း–ဒေါ်ခင်တို့၏ ညီ၊ ဦးရွှေ–ဒေါ်ရွှေညွန့်၊ ဦးချစ်လှ–ဒေါ်ခင်ညွန့်၊ ဦးအောင်မြင့်–ဒေါ်သန်းရီ (ဦးမြဝင်း)၊ ဒေါ်ခင်စန်း၊ ဦးမြစော–ဒေါ်ခင်သန်းတို့၏ အစ်ကို၊ ဒေါ်စိန်ကြည်၏ ခင်ပွန်း၊ ဦးအောင်သန်းညွန့်–ဒေါ်ခင်ခင်ဝင်း၊ဦးတင်မောင်ရွှေ–ဒေါ်စောနုစ်၊ ဦးတင်မောင်လွင်–ဒေါ်စီစီသိန်း၊ ကိုညွန့်ဝင်း–မဥမ္မာမြင့်တို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၃၁–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂–၉–၂၀၀၄ (ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင်ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုစိုးညီညီမော်(ခ)ညီညီ
အသက်(၃၆)နှစ်
CDC-42560
Potato Co.,Ltd
(မုံရွာ)

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နေ ဦးဝင်းနွယ်–(ဒေါ်မော်မော်သော်)တို့၏ သားလတ်၊ ကိုစိုး–ကိုကိုမော်–မနှင်းခိုင်တို့၏ ညီ၊ ကိုစိုးမြတ်မင်းသော်–မစံကျော့ခိုင်၊ စိုးပပမော်တို့၏ အစ်ကို၊ မောင်ကျော်စိုးဟိန်း–မကောင်းစုကျော်တို့၏ဘကြီး၊ ရန်ကုန်မြို့၊ တိုက်(၂၁)၊ အခန်း(၃၀၅)၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်နေ ဦးဝင်းနိုင်ဆွေ–ဒေါ်ချောစုလွင်တို့၏ မောင်၊ မငြိမ်းစုနိုင်၊ မောင်နောင်ထွန်းနိုင်တို့၏ ဦးလေးသည် ၃၁–၈–၂၀၀၄ရက် ညနေ ၃း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄–၉–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့်၁၂ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)

ဒေါ်ကျင်ရွှေ
အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၁၀၄)နေ ဖျာပုံမြို့နယ်အသင်းဝင် ဦးလှကျော်၊ ဦးမျိုးထွန်းတို့၏ မိခင်ဒေါ်ကျင်ရွှေသည် ၃၁–၈–၂၀၀၄ ရက်တွင် ကွယ်လွန်ပြီး ၂–၉–၂၀၀၄ ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်)

အမှုဆောင်အဖွဲ့။

ဦးဘဟန်(၈၄)နှစ်
မီးရထားဆေးရုံ(ငြိမ်း)

(ဦးဘစိန်–ဒေါ်ရီ)တို့၏သား၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့ (၂၉)ရပ်ကွက်၊ နံ့ပွားလမ်း အမှတ် ၁၅၁/ ၁နေ (ဒေါ်သန်းမြ)၏ ခင်ပွန်း၊ ဦးခင်မောင်ဟန်(စစစ၊ ပုသိမ်)–ဒေါ်ခင်အေးနွဲ့၊ ဦးဖေခင်(အား/ကာသိပ္ပံ)–ဒေါ်ခင်မေလတ်၊ ဦးခင်မောင်တင့် (ပို့ဆောင်ရေး ဘောလုံးအသင်း)–ဒေါ်ခင်ဌေးဝင်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၁–၈–၂၀၀၄ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေး ခန်း၌ ကွယ်လွန်သွားပါ၍ ၂–၉–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်။ (သုဝဏ္ဏနေအိမ်မှကားများမွန်းလွဲ ၁၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမကြီးနော်ဂရေ့(စ်)စီခိုင်
အသက်(၈၀)
(Naw Grace C. Kaing)
(B.A.Ed.D.I)
(အငြိမ်းစားကျောင်းအုပ်ဆရာမကြီး)

သာယာဝတီမြို့၊ ကရင်ကျောင်းလမ်းနေ (အငြိမ်းစားခရိုင် စက်ရှင်တရားသူကြီးပဒိုစောကေစီခိုင်–နော်စံသီး)တို့၏ သမီးထွေး၊ (ဗိုလ်မှူးဒေါက်တာစော Josaiah Kaing-Naw Joyce)၊ (နော်ဒေါ်လီခိုင်– USIS Library. UNIC)၊ (Dr. Naw Joyce Kaing –ယခင် စိတ်ရောဂါအထူးကုဆေးရုံကြီး၊ ငြိမ်း)၊ (ဗိုလ်မှူးစော Lioyd Kaing)တို့၏ ညီမ၊ စောလွိုက်ခိုင်–နော်ပေါလီအဲန်းတို့၏ အဒေါ် ဆရာမကြီးနော်ဂရေ့(စ်)စီခိုင်သည် ၁–၉–၂၀၀၄ရက် နံနက် ၁း၃၀ နာရီတွင် အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၂၁–ဃ)၊ သာသနာ့ဝင်း(ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူးနေအိမ်)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂–၉–၂၀၀၄ နံနက် ၉ နာရီတွင် ရန်ကုန် ကရင်နှစ်ခြင်းအသင်းတော် (သုဓွေးကုန်း)–(၅၁၄)၊ အောက်ကြည့်မြင်တိုင်လမ်းမ၊ အနောက်ပိုင်းဆေးရုံကြီးရှေ့၊ ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ညို
အသက် (၅၁)နှစ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၃) အခန်း(၁)နေ ရွှေမှိုက်ဆရာကြီး(ဦးနီ) – ဒေါ်သိန်းညွန့်တို့၏ သမီး၊ ဦးစိုးဝင်း၏ ဇနီး၊ မလေးလေးမြင့်၊ မောင်ဆန်းဝင်း အောင်(ပ/နှစ်ရူပရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်)၊ မဝင်းပသန္တာ (IX– B၊ အထက–၃၊ ကြည့်မြင်တိုင်)တို့၏ မိခင် ဒေါ်ခင်ညိုသည် ၁–၉–၂၀၀၄ ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၃–၉–၂၀၀၄ (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင် အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ဟိန်းမြတ်မင်း
အသက် (၂၄)နှစ်
Dip in ECC, Ngee Ann
Polytechnic
Singapore

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်၊ (၁၄)လမ်း၊ အမှတ်(၂)နေ (ဦးစိန်အောင်)၊ (ဒေါ်မေမေသိန်း) ဒေါ်ရှုကြည် (ကျောင်းအုပ်၊ အထက–၇၊ မော်လမြိုင်မြို့)တို့၏ သား၊ မခိုင်မာလာအောင်၊ မောင်လင်းသိန်းထက်တို့၏ ညီ၊မောင်၊မဖြိုးသူဇာ၏အစ်ကိုမောင်ဟိန်းမြတ်မင်းသည် ၃၁–၈–၂၀၀၄(အင်္ဂါနေ့) တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ပဏ္ဍိတ

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သြဝါဒါစရိယ
စစ်ကိုင်းတောင်ရိုး အနန္တသူရိယချောင် ပဓာနနာယကဆရာတော်

သိက္ခာတော်(၇၉)ဝါ၊ သက်တော် (၉၉)နှစ်

စစ်ကိုင်းတောင်ရိုး အနန္တသူရိယချောင်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက နိုင်ငံတော်သြဝါဒါစရိယသာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးတွင် ၆၆ပါးဝန်ဆောင်၊ သီတဂူအာယုဒါန–သီတဂူဥဒကဒါနအဖွဲ့ကြီးများ၏ သြဝါဒါစရိယ၊ ဆဋ္ဌသင်္ဂါယနာဓမ္မသဘင်တွင် မူလဝိသောဓက ပဋိဝိသောဓက ဘဒ္ဒန္တပဏ္ဍိတသည် (၁၃၆၆ ခုဝါခေါင်လဆန်း ၁၂ ရက်)၊ ၂၇–၈–၂၀၀၄(သောကြာနေ့) ညနေ၅း၅၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား (၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော်၄ရက်)၊ ၃–၉–၂၀၀၄ရက်(သောကြာနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ။

ကျေးဇူးတင်ရှိခြင်း

ဦးမြ
အသက်(၈၁)နှစ်
မန်နေဂျာ(ငြိမ်း)၊ မြန်မာသစ်လုပ်ငန်း
(သန်လျင်)

၂၈–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဖခင်ကြီး ဦးမြ နာမကျန်းဖြစ်စဉ်က ဂရုတစိုက်ကြပ်မတ်ကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများအားလည်းကောင်း၊ ရွှေဂုံတိုင်အထူးကုဆေးခန်းမှ အုပ်ချုပ်သူနှင့်တကွ ဆရာဝန်၊ ဆရာမများနှင့် သူနာပြုများအားလည်းကောင်း၊ နာမကျန်းဖြစ်ချိန်မှစ၍ ဈာပနကိစ္စ အဝဝအဆင်ပြေချောမွေ့စွာ ပြီးဆုံးသည်အထိ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် မေးမြန်းအားပေးနှစ်သိမ့်ခဲ့ကြသူများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

လွမ်းဆွတ်သတိရအမှျပေးဝေခြင်း

၂၉–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော သားကြီး ဦးအောင်အောင်ခိုင် (ဒု–ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပုစွန်ဌာနခွဲ)အား ရည်စူး၍ ၂–၉–၂၀၀၄ ရက်တွင်သံဃာတော်အရှင်မြတ်များအား နေ့ဆွမ်းဆက်ကပ်၍ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုပေးပါသည်။ အထက်ပါ ကောင်းမှုကုသိုလ်များကြောင့် မြင့်မြတ်သောဘုံဘဝမှ သားကြီး သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

သားကြီးရေ အမျှ– အမျှ– အမျှ ဖေဖေ–မေမေနှင့်
ညီအစ်ကိုမောင်နှမများ၊ တူများ။(သုခရိပ်ငြိမ်–ငပလီ၊ သံတွဲ)။

ရဟန်းဒါယကာ

ဦးမောင်စံ (၇၅)နှစ်
(တွံတေး–သဃ်္ဃန်းကျွန်း)

ရန်ကုန်တိုင်း၊ ခြံအမှတ်(၃/ခ)၊ ဦးဘဟန်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်ခင်အုန်းမြင့်၏ ခင်ပွန်း၊ တွံတေးမြို့နေ ဦးအုန်း–(ဒေါ်အုန်းမြင့်)တို့၏ ညီ၊ ဒေါ်ငြိမ်း၊ ဦးမောင်ညွန့်–(ဒေါ်ညိုညို)၊ ဒေါ်တင်ရွှေ၊ ဦးအောင်ခ–ဒေါ်သင်းသင်း (တွံတေးမြို့နယ်အသင်းဥက္ကဋ္ဌ)တို့၏ အစ်ကို၊ ကွမ်းခြံကုန်းမြို့နယ်နေ ဦးလှမြင့်အောင်–ဒေါ်အမာကြည်တို့၏ ညီ၊ မနီနီအောင်၊ မောင်ဇော်မင်းထွဋ် – မခင်သန့်ဇင်၊ မောင်တေဇာမင်းတို့၏ ဖခင်၊ တူ၊ တူမ ၂၁ ယောက်တို့၏ ဦးလေး/ဘကြီးသည် ၃၁–၈–၂၀၀၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ ၂–၉–၂၀၀၄(ကြာသပတေးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများနံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအမ

ဒေါ်မြင့်မြင့်အုန်း(၄၇)နှစ်
(နိုင်) ငါးပိ၊ ငါးခြောက်လုပ်ငန်း
(မအူပင်)

(ဦးသန်းကြီး – ဒေါ်စိန်အေး)တို့၏ သမီး၊ ဦးသန်းမြင့်–(ဒေါ်မြစန်း)၊ ဦးခင်ညို–ဒေါ်ခင်စန်း၊ ဦးချို–မခိုင်တို့၏ညီမ၊ ဦးခင်လတ်၏ဇနီး၊ ဦးသိန်းနိုင်ဦး–ဒေါ်သဇင်ဦး၊ မလဲ့လဲ့ထွေး၊ မထွေးထွေးလတ်၊ မောင်တင်မောင်လတ်တို့၏ မိခင်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၃၁–၈–၂၀၀၄(အင်္ဂါနေ့) တွင် ကွယ်လွန်ပါ၍ ၂–၉–၂၀၀၄ (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (သန်လျင်နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်မင်းစိုး(၃၄)နှစ်
B.A (Geog)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၂) ရပ်ကွက် ဗိုလ်ချုပ်လမ်း အိမ်အမှတ် ၂/၂၈၆ နေ ဦးလွင်–(ဒေါ်ကြိုင်)တို့၏ သား၊ ဦးစိုးမြင့်၊ ကိုမြတ်စိုး၊ကိုကြည်စိုးတို့၏ ညီမောင်မင်းစိုးသည် ၁–၉–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃–၉–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ တန်ဆောင်း၊ ကျောင်း၊
ရဟန်းဒါယိကာမ၊ ရဟန်းမယ်တော်

ဒေါ်အေးခိုင် (၈၅)နှစ်

ဧရာဝတီတိုင်း၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာ၊ ဆရာတော်ဦးပညာသာရ၏ မယ်တော်၊ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ အရှေ့မော်ကျေးရွာနေ (ဦးထွန်းကျော်အောင်)၏ဇနီး၊ ဦးမောင်ဝေအောင်–ဒေါ်အေးနုဖြူ၊ ဦးစံသိန်း–ဒေါ်အေးသန်း၊ ဦးအောင်ကျော်သိန်း–ဒေါ်အေးကြည်၊ ဦးဘမောင်–ဒေါ်လုံးစိန်၊ ဦးစံကျော်–ဒေါ်သန်းစိန်မ၊ ဦးဘကြည်–ဒေါ်တင်ရီ၊ ဦးအောင်တင့်–ဒေါ်ကြည်ကြည်ရွှေ၊ ဒေါ်မသန်း၊ ဦးမောင်သန်း–ဒေါ်မြင့်ရီတို့၏ မိခင်၊ မြေး၂၇ယောက်၊ မြစ်ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၃၁–၈–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် လေးတောင်တိုက်နယ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄–၉–၂၀၀၄(စနေနေ့)တွင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ချင်းတွင်းအသင်း

ဦးမြင့်အေး(၅၉)နှစ်
(မုံရွာ)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ တိုက်အမှတ်၂၉၂(ခ)၊ အခန်း(၄/၆) နေ ဒေါ်မာသိန်း၏ ခင်ပွန်း၊ အသင်းအလုပ်အမှုဆောင် ဦးမြင့်အေးသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၁–၉–၂၀၀၄ရက် နံနက် ၁း၃၀နာရီတွင် ကွယ်လွန်၍ ၃–၉–၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အသင်းဝင်များ ပို့ဆောင်ကြပါရန်။

(နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

တပ်ကြပ်ကြီးစိုးတင့် (၄၆)နှစ်
(သထုံ)

သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ ရွာဦးတာလမ်း၊ အမှတ်(၁၀၅၈)နေ (ဦးမောင်လှ)–ဒေါ်လှခင်တို့၏ သားကြီး၊ ဦးမောင်မောင်တင်–ဒေါ်မြင့်၊ ဦးဘိုဝင်း–ဒေါ်လှ င်းတို့၏ အစ်ကို၊ ဒေါ်မငို၏ခင်ပွန်း၊ မစိုးသဇင်ဝေ၏ ဖခင်သည် ၂၇–၈–၂၀၀၄(သောကြာနေ့) ည၆း၄၅နာရီတွင် ကွယ်လွန်ပါ၍၂၈–၈–၂၀၀၄ ရက်တွင် သထုံမြို့ ကျောက်တန်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မြန်မာနိုင်ငံတွင် ဗီတာမင်'အေ'ချို့တဲ့မှုကြောင့် မျက်စိကွယ်ရသည့်ကလေး မရှိတော့သလောက်ရှားပါးသွားပြီ အိုင်အိုဒင်းဆား စားသုံးမှုမြင့်မားလာသည်နှင့်အမျှ လည်ပင်းကြီးရောဂါဖြစ်ပွားမှု သိသိသာသာကျဆင်းလာ ၂၀၀၅ခုနှစ်တွင် အိုင်အိုဒင်းချို့တဲ့မှု မြန်မာနိုင်ငံ၌ လုံးဝပပျောက်ရေးပန်းတိုင် လက်တစ်ကမ်းအကွာတွင် ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁

ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အခြားသော ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❀

အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲ အခမ်းအနားတွင် အသက်(၅)နှစ်အောက် ကလေးငယ်များအား ဗီတာမင်'အေ'ဆေးလုံး တိုက်ကျွေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၄ခုနှစ် စက်တင်ဘာလ ၂ရက်နေ့တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်ဒေသစည်းရုံးရေး တစ်ပြိုင်တည်းဆောင်ရွက် တစ်နိုင်တစ်ပိုင် ကျေးလက်မီးရရှိရေး လုပ်ငန်းများကိုပါ ဖြစ်နိုင်သမျှလုပ်ကိုင် ထိရောက်သော ကူညီအကျိုးပြုခြင်းဖြင့်သာ မိမိအသင်း တောင့်တင်းခိုင်မာရန် ကြိုးပမ်း

ရန်ကုန် စက်တင်ဘာ ၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုနည်းပြ သင်တန်းအမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ကြီးကြပ်သူ သင်တန်းဆရာ၊ ဆရာမများနှင့် ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့ဖွံ့ဖြိုးရေး လေ့လာမှု နည်းပြသင်တန်း အမှတ်စဉ်(၄) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။(သတင်းစဉ်)